ကြေးမုံ The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (2-10-2015) (၈၃၄၁)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ရေကာတာအား ပိုမိုခိုင်ခံ့ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်း ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်ရန် စီမံဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီးတွင်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အင်ပူမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေးမျက်နှာမြို့၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နှင့် ကျုံပျော်မြို့နယ်များရှိ မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများက လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှ ကြိုဆိုနှုတ်ဆက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



လေးမျက်နှာမြို့နယ် ကညင်သာကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာမှ ဒေသခံပြည်သူများက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တစ်ခဲနက်ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - YHT

ကုလသမဂ္ဂတွင် ကမ္ဘာ့ခေါင်းဆောင်များက ဒုက္ခသည်ပြဿနာ ဆွေးနွေး စာမျက်နှာ - ၄

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များပေးပို့မှု ဆောင်ရွက်ခြင်းအား အသိပေးခြင်း စာမျက်နှာ - ၅

ရွေးကောက်ပွဲအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကရည်မှန်းချက်တာဝန်ဖြစ် စာမျက်နှာ - ၆



ကြေးမုံစာတည်းရှုထောင့် ၂-၁၀-၂၀၁၅၊ သောကြာနေ့

# လွတ်လပ်၍တရားမျှတ

ရွေးကောက်ပွဲဆိုသည်မှာ အများသဘောဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အမှုဆောင်လူကြီးရွေးကောက်ပွဲ၊ စည်ပင်သာယာရွေးကောက်ပွဲ၊ အသင်းအဖွဲ့အလိုက် ရွေးကောက်ပွဲ၊ ဒီမိုကရေစီရွေးကောက်ပွဲဟူ၍ ရွေးကောက်ပွဲအမျိုးမျိုးကို ကျင်းပကြသည်။ ရွေးကောက်ပွဲတိုင်းသည် လွတ်လပ်၍ တရားမျှတစွာဖြင့် ရွေးကောက်တင်မြှောက်ကြသည်။

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများသည် ပြည်သူလူထု၏ အချုပ်အခြာအာဏာကို နိုင်ငံတစ်ဝန်းပျံ့နှံ့စေရန်အတွက် လူထုဆန္ဒနှင့်အညီ လူထုကိုယ်စားလှယ်များအား ရွေးချယ်တင်မြှောက်သည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ရွေးကောက်ပွဲအမျိုးမျိုးရှိသည့်အနက် အမြင့်ဆုံးရွေးကောက်ပွဲဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထမ်းဆောင်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် နိုင်ငံ့အကျိုးကို ထမ်းရွက်ကြမည့်သူများဖြစ်၍ အရည်အချင်းရှိသူများ ဖြစ်ရန်လိုသဖြင့် မဲပေးခွင့်ရှိသောပြည်သူများက နှလုံးသားနှင့် ဦးနှောက်ပေါင်းစပ်ပြီး လူတော်လူကောင်းများကို ရွေးချယ်တင်မြှောက်တတ်ရန် လိုပေသည်။

ရွေးချယ်တင်မြှောက်ပွဲမကျင်းပမီ၊ ကျင်းပဆဲနှင့် ကျင်းပပြီးကာလများတွင် မဲဆန္ဒရှင်ပြည်သူများ၏ အခန်းကဏ္ဍမှာ အရေးကြီးသလို မီဒီယာများ၏ကဏ္ဍမှာလည်း အထူးအရေးပါသည်။ မီဒီယာများသည် ပါတီများ၏ မူဝါဒများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ထုတ်ဖော်ချက်များကို ထုတ်လွှင့်ဖော်ပြကြရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် မျှမျှတတရေးသားထုတ်လွှင့်ကြဖို့လိုပေသည်။

ပါတီများ၏လုပ်ဆောင်မှုများကို စောင့်ကြည့်ပြီး မှန်မှန်ကန်ကန် မျှမျှတတတည့်မတ်ပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုပေသည်။ တစ်ဖက်ဖက်ကို ဘက်လိုက်ပြီး အဆိုးမြင်ဆန့်ကျင်ခြင်း၊ ပူးပေါင်းပါဝင်ခြင်းတို့ မရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံပိုမိုကောင်းမွန်လာရေးအတွက် ရရှိလိမ့်မည်မဟုတ်ချေ။

မြန်မာနိုင်ငံအနေဖြင့် အမြင့်ဆုံးဖြစ်သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို နှစ်ပေါင်း ၆၇ နှစ်အတွင်း ရွေးကောက်ပွဲအတွေ့အကြုံ ငါးကြိမ်သာ ရရှိခဲ့ဖူးသည်။ ထိုရွေးကောက်ပွဲများနှင့် အလှမ်းဝေးခဲ့သဖြင့် ရွေးကောက်ပွဲများ၏ အရေးကြီးမှုနှင့် အနှစ်သာရများကို စေ့စပ်သေချာစွာ နားလည်သဘောပေါက်နိုင်မှု အားနည်းနေဦးမည်ဖြစ်သည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲများမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျယ်ပြန့်နက်ရှိုင်းပြီး ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများကိုလေ့လာကာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် စီမံချက်ချ ဆောင်ရွက်ခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ မဲစာရင်းအမှားအယွင်း အားနည်းချက်များရှိခဲ့သည်။

မဲစာရင်းအမှားအယွင်းများရှိခဲ့သော်လည်း မဲစာရင်းကြေညာချိန်တွင် လာရောက်ကြည့်ရှုပြီး ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်မှုများပြုလုပ်ပါက မဲစာရင်းအမှန် ရရှိလာမည်ဖြစ်၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အကယ်၍ မဲစာရင်းမှားယွင်းခဲ့သော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်သည်ကို နားလည်သိရှိထားရမည်ဖြစ်သည်။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု ဥပဒေတွင်ပြဋ္ဌာန်းထားပြီးဖြစ်သည်။ သို့သော် မဲစာရင်းတွင် အမည်ရှိပြီးဖြစ်မှသာ မဲပေးခွင့်၊ ရွေးကောက်ခံပိုင်ခွင့်ရှိသည်။

ကြိုတင်မဲပေးခြင်းကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။ ဥပဒေ၊ နည်းဥပဒေတို့ကို သိရှိပြီး လိုက်နာအကာအကွယ်ယူပါက ကြိုတင်မဲပေးခြင်းအပေါ် သံသယဖြစ်ဖွယ် အကြောင်းမရှိချေ။ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းတွင်ပါရှိသူတိုင်းအား ထုတ်ပေးသွားမည်ဟုသိရသည်။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရရှိထားသော အတွေ့အကြုံများဖြင့် အခက်အခဲများကြားမှ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရပေရာ မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံနှင့်ပြည်သူအကျိုးအတွက် တက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## နိုင်ငံခြားသားခရီးသွားဧည့်သည် တိုးတက်မြင့်မားလာမှုနှင့်အတူ ပွင့်လင်းရာသီအမီ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများ တိုးချဲ့ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာ့ခရီးသွားကဏ္ဍတွင် နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု တိုးတက်မြင့်မားလာမှုနှင့်အတူ ခရီးသွားကဏ္ဍတွင် အရေးပါသော နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် အချက်အချာကျ၍ နိုင်ငံတကာ ဝင်ပေါက်/ထွက်ပေါက်ဖြစ်သော ရန်ကုန်မြို့သို့ အဓိက လာရောက်မှုများပြားပြီး နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့် ဟိုတယ်ကြီးများကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ရန်ကုန်မြို့တွင် အပြိုင်အဆိုင် တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်ဟု သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ဘေးတွင် အသစ်ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သော NEW INYA WING Tower ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါအဆောက်အအုံတွင် ကျင်းပခဲ့သည်။ ၂၉ ထပ်အမြင့်ရှိ အဆိုပါတာဝါကို ဆီဒိုးနားဟိုတယ်၏ ကြယ်ငါးပွင့်အဆင့်အဖြစ် တိုးချဲ့တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အခန်းများ၏ အတွင်းပိုင်းဒီဇိုင်းများကိုလည်း မြန်မာမှုလက်ရာများဖြင့် ထည့်သွင်းဆောင်ရွက်ထားသည်။ ခေတ်မီဗိသုကာလက်ရာများနှင့် မြန်မာမှုလက်ရာများကို ပေါင်းစပ်ဖန်တီးထားပြီး အခန်းအမျိုးအစားအလိုက် အခန်းအကျယ် ၃၃ စတုရန်းမီတာမှ အကြီးဆုံးအခန်းမှာ ၁၉၇ စတုရန်းမီတာနှင့် အခန်းပေါင်း ၄၃၁ ခန်း ဖြစ်ကြောင်းသိရသည်။ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ဖြစ်သည်နှင့်အညီ ယင်းနှင့်ညီမျှသော ဝန်ဆောင်မှုများကို အပြည့်အဝပေးအပ်သွားမည်ဖြစ်ပြီး ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဟု သိရသည်။ ဟိုတယ်၏ စီမံခန့်ခွဲမှုလုပ်ငန်းများကို စင်ကာပူနိုင်ငံအခြေစိုက် Keppel Land Hospitality Management မှ ဆောင်ရွက်မည်ဟု သိရသည်။

ယခုနှစ် မြန်မာ့ခရီးသွားကဏ္ဍတွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၅ သန်းခန့် လာရောက်မည်ဟု ခန့်မှန်းထားပြီး သဘာဝဘေးအန္တရာယ်များ ကြုံခဲ့ခြင်းကြောင့် ခရီးသွားကဏ္ဍကို ထိခိုက်နိုင်ခြင်းမရှိသော်လည်း ပြန်လည်ထူထောင်ရေးကာလသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပွင့်လင်းရာသီနှင့် တိုက်ဆိုင်နေပြီး ကမ္ဘာလှည့်ခရီးသည် ရောက်ရှိလာမှုကို အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဟု ဒုတိယသမ္မတဦးဉာဏ်ထွန်းက စက်တင်ဘာ ၃၀ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ယခုနှစ်တွင် ခရီးသွားဧည့်သည် ၅ သန်းခန့်အထိ လာရောက်မှုရှိမည်ဟု ခန့်မှန်းထားပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၇ ဒသမ ၅ သန်းခန့်အထိ လာရောက်မည်ဟု ခန့်မှန်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဆီဒိုးနားဟိုတယ်၏ NEW INYA WING Tower ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ခရီးသွားကဏ္ဍ တိုးတက်မြင့်မားလာသည်နှင့်အမျှ ခရီးသွားကဏ္ဍတွင် အရေးပါသော ဟိုတယ်ကြီးများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ လုံလောက်ရန်အရေးကြီးပြီး စျေးနှုန်းနှင့် ဝန်ဆောင်မှုများလည်း မျှတစွာပေးအပ်နိုင်ရန် လိုအပ်သည်ဟု သိရသည်။ ယင်းအပြင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စားသောက်ဆိုင်များနှင့် သန့်စင်ခန်းများကောင်းမွန်ရန်လိုအပ်ပြီး ခရီးသွားအရေအတွက် တိုးတက်များပြားရန်ကိုသာမက အမှန်တကယ် ခရီးသွားဝင်ငွေ တိုးတက်ကောင်းမွန်ရန်ကိုလည်း ဆောင်ရွက်ရမည်ဟု ခရီးသွားအေဂျင်စီများနှင့် ဧည့်လမ်းညွှန်များက သုံးသပ်သည်။ (၀၀၁)

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၊ လမ်းပြကြယ်ပါတီနှင့် ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၃ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)



## ကျောက်တန်းတွင် ဗုဒ္ဓမင်္ဂလာတရားတော်နှင့် ယဉ်ကျေးမှုနည်းပြဆရာဖြစ်သင်တန်းဆင်း

**ကျောက်တန်း အောက်တိုဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့အမှတ် (၁) ရက်ကွက် အနောက်ကျောင်းတိုက်တွင် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီက ဗုဒ္ဓဝင်မင်္ဂလာတရားတော်နှင့် ယဉ်ကျေးမှုနည်းပြဆရာဖြစ် ဆင့်ပွားသင်တန်းဆင်းပွဲကို ကျင်းပသည်။

သင်တန်း၌ တံတားမြို့ အနောက်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနေမိန္ဒ(မင်္ဂလဓမ္မဇောတိကဓဇ) တံတားမြို့သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်(ကျောက်တန်းမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များ၏ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ)က မင်္ဂလာဘာသာရပ်ကိုလည်းကောင်း၊ ကျောက်တန်းမြို့နယ် အေးစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃ သမ္မုတိရသံဃကိုယ်စားလှယ်၊ သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇက ပါဠိဖတ်နည်းဘာသာနှင့် ယဉ်ကျေးမှုဘာသာရပ်တို့ကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမ ၁၀၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ဖြစ်ကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

## မိုးရာသီ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုအတွက် ချေးငွေထုတ်ချေး

**မချမ်းဘော အောက်တိုဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် သမဝါယမအသင်းစုမှ အခြေခံသမဝါယမအသင်းများသို့ အသင်းသားတောင်သူများအား (EXIM Bank) ပံ့ပိုးချေးငွေ မိုးရာသီစိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအတွက် ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မချမ်းဘောမြို့နယ် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌဦးတူးရိန်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအောင်မောင်းက EXIM Bank ပံ့ပိုးချေးငွေ မိုးရာသီစိုက်ပျိုးစရိတ်နှင့် သွင်းအားစုအတွက် ထုတ်ချေးပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မြို့နယ်သမဝါယမ အသင်းစုမှ အခြေခံသမဝါယမအသင်း ၁၄ သင်း၊ အသင်းသားဦးရေ ၂၆၁ ဦး၏ လယ်ဧက ၅၅၂ ဒသမ ၃၈ ဧကအတွက် စိုက်ပျိုးစရိတ် ကျပ် ၉၀ ဒသမ ၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်းအတွက် ၁၁ ဒသမ ၄၀ သိန်း၊ သွင်းအားစုဖြစ်သော ပုလဲခာတ်မြေသြဇာ ၁၀၄၄ အိတ်အတွက် ကျပ် ၂၆၁ သိန်း စုစုပေါင်း ကျပ် ၃၆၂ ဒသမ ၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ဖုန်ကန်(iprd)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြာနီ၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးရွာ)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လေးမျက်နှာမြို့နယ် ကညင်သာကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာရှိ ရွှေဘိုစုရေကာတာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဝေန်တာ ကြံ့ခိုင်တောင့်တင်းစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးတို့နှင့်စပ်လျဉ်း၍ မှာကြား။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ရှိ ဝေန်တာ၏ ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ ရေကာတာမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် လေးမျက်နှာမြို့နယ် ကညင်သာ ကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာရှိ ရွှေဘိုစုရေကာတာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဟင်္သာတခရိုင်အတွင်းရှိ တာတမံများအခြေအနေ၊ ရေစီးဝင်မှုအခြေအနေနှင့် တာတမံများ ကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ရေကာတာအား ပိုမိုခိုင်ခံ့ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းရေး၊ ရေကြီးနစ်မြုပ်မှုဘေးမှကာကွယ်နိုင်ရန် စီမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း မိုးရာသီတွင် ဝေန်မြစ်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ဝေန်တာတမံမှာ ၁၉ ဒသမ ၈၇၅ မိုင် ရှည်လျားပြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ဧရိယာ ၃၆၃၃၅ ဧကကို ကာကွယ်ထားရှိသည်။

လေးမျက်နှာမြို့နယ်အတွင်း ဝေန်တာတမံ၏ ၃၅ မိုင် ၄ ဖာလုံမှ ၃၆ မိုင် ၆ ဖာလုံအတွင်းရှိ ရွှေဘိုစုနေရာမှာ မြစ်ကမ်းတိုက်စားသည့်အတွက် တာတမံများ အကြိမ်ကြိမ်နောက်သို့ရွှေ့၍ တည်ဆောက်ခဲ့ရသည်။ ထို့ကြောင့် မြစ်ရေဖြောင့်တန်းစွာ စီးဆင်းနိုင်ရန် သောင်ဘုတ်ရွာအနီးတွင် ဖြတ်မြောင်းငယ်တစ်ခုကို ၂၀၀၁ ခုနှစ်က စတင်တူးဖော်ခဲ့ပြီး ၂၀၀၆ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ထပ်မံတိုးချဲ့တူးဖော်ခဲ့သည်။ ယခုအခါ ဝေန်မြစ်ရေလွှဲဖြတ်မြောင်းမှာ မူလမြစ်မကဲ့သို့ ရေစီးဆင်းမှုကောင်းမွန်ပြီး ဝေန်တာတမံ(ရွှေဘိုစု)တွင် ကမ်းပြိုတိုက်စားမှုများ သိသာစွာလျော့ကျသွားကြောင်း တွေ့ရှိရသည်။

ထို့ပြင် လေးမျက်နှာမြို့အတွင်းရှိ ဝေန်တာ၏ ၂၉ မိုင် ၁ ဖာလုံမှ ၃၉ မိုင်အတွင်း တာတမံတွင် မူလတာထိပ်မှ အထက် ၅ ပေအထိ တာတမံမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ချောင်းကော၊ မြောင်းကောတူးဖော်ခြင်းလုပ်ငန်း ၁၁ ခု စုစုပေါင်းအလျား ၃၂ မိုင်ကိုလည်း လျာထားထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်ခရိုင် ရေကြည်မြို့၊ ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ဝေန်တာသို့ရောက်ရှိရာ တာဝန်ရှိသူများက ဝေန်တာ၏ ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတက ၁၉၉၁ ခုနှစ်အတွင်း ဝေန်မြစ်ကမ်းရှိ ထိန်ငူတာ ကျိုးပေါက်ခဲ့မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ထိုကဲ့သို့ တာကျိုးပေါက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ တာ ၁၂ ခု၏ စုစုပေါင်း တာတမံအလျား ၄၁၇ ဒသမ ၆၂ မိုင်တွင် မူလတာထိပ်အမြင့်မှအထက် ငါးပေ မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယင်းနောက် ဒေသခံမြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဝေန်တာ ကြံ့ခိုင်တောင့်တင်းစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ရေကြည်မြို့နယ်အတွင်း ဝေန်မြစ်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ဝေန်တာတမံမှာ ၃၉ မိုင်မှ ၆၁ မိုင်အထိ ၂၂ မိုင် ရှည်လျားပြီး ယင်းအနက် ၄၅ မိုင်မှ ၄၇ မိုင်အတွင်းရှိ ဗောဓိကုန်းနေရာမှာ ကမ်းပြိုတိုက်စားမှုများစွာဖြစ်ပွားခဲ့သည်။

ထို့ကြောင့် မြစ်ရေဖြောင့်တန်းစွာ စီးဆင်းနိုင်ရန် အလျားပေ ၇၃၈၀ ရှိသော ဝေန်မြစ်ဖြတ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ပြီးစီးခဲ့သည်။

ထို့ပြင် ငါးသိုင်းချောင်းမြို့နယ်ခွဲ၏ မြို့ပတ်တာတမံ ပြုပြင်ပေးနိုင်ရန် မြို့လူထုမှ တင်ပြမှုအပေါ် ဝေန်တာ၏ တမံမှာ ၃၉ မိုင်မှ ၆၁ မိုင်အထိ အရှည် ၂၂ မိုင်တွင် မူလတာထိပ်မှ အထက်ငါးပေအထိ တာတမံမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် လည်းကောင်း၊ ရေကြည်မြို့နယ်အတွင်း မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုလျော့နည်းစေရေးအတွက် ချောင်းကော၊ မြောင်းကောတူးဖော်ခြင်းလုပ်ငန်း ၁၀ ခု၏ စုစုပေါင်းအရှည် ၄၆ ဒသမ ၄ မိုင်ကို ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းအစီအစဉ်တွင်လည်းကောင်း လျာထားထည့်သွင်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေကြည်မြို့နှင့် ကျုံပျော်မြို့များသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျုံပျော်မြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

# ဆီးရီးယားနိုင်ငံတွင် ရုရှားလေကြောင်းပါဝင်ပတ်သက်မှုအပေါ် အမေရိကန်စိုးရိမ်



**နယူးယောက် အောက်တိုဘာ ၁**

ဆီးရီးယားနိုင်ငံအတွင်း မည်သည့်မတော်တဆပစ်ခတ်မှုမျိုးကိုမဆို ရှောင်ရှားနိုင်စေရန် အမေရိကန်နှင့် ရုရှားတပ်မတော်တို့ ဆွေးနွေးကြမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလပ်ဗရော့ဗ်တို့က သဘောတူညီခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးက နယူးယောက်မြို့တွင် သီးသန့်တွေ့ဆုံစဉ် ဆီးရီးယားနိုင်ငံအတွင်း ရုရှားလေကြောင်းပါဝင်ပတ်သက်မှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ရုရှားတပ်မတော်သည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို အဓိကချေမှုန်းလျက်ရှိကြောင်းနှင့် ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားသမ္မတ အာဆတ်ကို ထောက်ခံပြီး အမေရိကန်နှင့် အခြားနိုင်ငံအများအပြားက အာဆတ်ကို ဆန့်ကျင်ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

ဆီးရီးယားနိုင်ငံတွင်ရှိသည့် ရုရှားလေကြောင်းတပ်ဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွများကို အဓိကထား မတိုက်ခိုက်ဘဲ အခြားသောအဖွဲ့အစည်းများကိုသာ အဓိကထားတိုက်ခိုက်မည်ကိုစိုးရိမ်မိကြောင်း ဂျွန်ကယ်ရီက မီဒီယာများကို ပြောကြားသည်။

ရုရှားလေကြောင်းတပ်ဖွဲ့သည် ဆီးရီးယားအစိုးရ၏ အကူအညီ တောင်းခံထားမှုကြောင့် ဆီးရီးယားနိုင်ငံအတွင်း တရားဝင်တိုက်ခိုက်ရေးဆင်နွှဲခြင်းဖြစ်ကြောင်း ရုရှားဝန်ကြီးက ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဆီးရီးယားအစိုးရ၏ သဘောထားအပေါ် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးနှစ်ဦးတို့က သဘောတူညီခဲ့ကြသည်။

ဆီးရီးယားနိုင်ငံအတွင်း ရုရှားလေကြောင်းတိုက်ခိုက်မှု ပါဝင်ပတ်သက်လာခြင်းသည် ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို ပိုမိုရှုပ်ထွေးသွားစေနိုင်ကြောင်း လေ့လာစောင့်ကြည့်သူများက ထင်ကြေးပေးကြသည်။

**အင်န်အိတ်ချ်ကေ။**

# ကုလသမဂ္ဂတွင် ကမ္ဘာ့ခေါင်းဆောင်များက ဒုက္ခသည်ပြဿနာ ဆွေးနွေး

**နယူးယောက် အောက်တိုဘာ ၁**

ကုလသမဂ္ဂညီလာခံသို့ တက်ရောက်လာသည့် ကမ္ဘာ့ခေါင်းဆောင်များက အရှေ့အလယ်ပိုင်းဒေသမှ ဥရောပသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာနေသည့် ရွှေ့ပြောင်းဒုက္ခသည်များပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသော်လည်း သဘောထားအမြင်အမျိုးမျိုးထွက်ပေါ်လာခဲ့သည်။ နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။


ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရွှေ့ပြောင်းဒုက္ခသည်များပြဿနာသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ကမ္ဘာ့နိုင်ငံများရင်ဆိုင်နေရသည့် အကြီးမားဆုံးပြဿနာဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်တွင် ကမ္ဘာအရပ်ရပ်၌ လူပေါင်း သန်း ၆၀ ကျော်သည် နေအိမ်များကို စွန့်ခွာခဲ့ရကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရွှေ့ပြောင်းဒုက္ခသည်များအရေးကို တညီတညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။

တူရကီဝန်ကြီးချုပ် အာမက် ဒါဗူတိုးဂလူက ရွှေ့ပြောင်းဒုက္ခသည်များကို ခွဲဝေလက်ခံကြရန်နှင့် ကူညီထောက်ပံ့ရန်ဘဏ္ဍာငွေများ ထည့်ဝင်လှူဒါန်းကြရန် တောင်းဆိုတိုက်တွန်းပြီး ဒုက္ခသည်များလက်ခံရေး တာဝန်ဝတ္တရားနှင့်ပတ်သက်၍ မည်သည့်နိုင်ငံမျှ ကင်းလွတ်ခွင့်ရနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။ တူရကီနိုင်ငံသည် ဆီးရီးယားလူမျိုးနှစ်သန်းအထိ အကာအကွယ်ပေးရန် ကမ်းလှမ်းခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ခ်-ဝေါလ်တာ စတိုင်မိုင်ရာက ရွှေ့ပြောင်းရောက်ရှိလာသည့် ဒုက္ခသည်များ၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသောအားဖြင့် လက်ခံနေခြင်းမှာ ဥရောပနိုင်ငံများအတွက် အရေးကြီးသောပြဿနာတစ်ခုဖြစ်နေကြောင်းနှင့် ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် ဒုက္ခသည်များလက်ခံသည့် အများသဘောတူစံသတ်မှတ်ချက်တစ်ခု ထားရှိသင့်သည်ဟု ဆိုသည်။

ဟန်ဂေရီ ဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ရွှေ့ပြောင်းဒုက္ခသည်များ ၎င်းတို့၏ နေရင်းဒေသသို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် တာဝန်ရှိပြီး ဥရောပသို့ရွှေ့ပြောင်းအခြေချနေထိုင်သည့်လမ်းကြောင်းကို ဖော်ဆောင်မပေးသင့်ဟု ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မည်ဟု တရုတ်နိုင်ငံယုံကြည်

**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံသည် ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း ဝန်ကြီးချုပ် လီခချန်းက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၁ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲကို မြို့တော် ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ကျင်းပရာ ဝန်ကြီးချုပ် လီခချန်းက မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အဆိုပါညစာစားပွဲသို့ သမ္မတရှီကျင့်ဖျင်နှင့် အထက်တန်းတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးလာနေပြီး ပြည်တွင်းစီးပွားရေးအပေါ် ဂယက်ရိုက်ခတ်လာချိန်တွင် တရုတ်နိုင်ငံ၏ အမျိုးသားစီးပွားရေး ဆက်လက်တိုးတက်ရန် မိမိတို့ကြိုးပမ်းလျက်ရှိကြောင်း လီကပြောကြားသည်။

တရုတ်နိုင်ငံသည် ပြင်ပကမ္ဘာသို့ ဈေးကွက်ပိုမိုဖွင့်လှစ်ပေးမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်၌ ပိုမိုယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် အပြန်အလှန်အကျိုးကျေးဇူးရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီကပြောကြားသည်။

**ဆင်ဟွာ။**




# ပြည်တွင်းဖြစ် တိုက်ချင်းပစ်ဒုံးကျည်များ တည်ဆောက်ရန် တောင်ကိုရီးယားစီစဉ်

**ဆိုးလ် အောက်တိုဘာ ၁**

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားပိုင်နက်နယ်မြေတစ်ခုလုံးကို ပစ်မှတ်ထားချိန်ရွယ်မည့် တာလတ်ပစ်ဒုံးကျည်များဖြန့်ကြက်ရန် ကီလိုမီတာ ၈၀၀ ထိရောက်ရှိနိုင်သော ပြည်တွင်းဖြစ် တိုက်ချင်းပစ်ဒုံးကျည်များ တည်ဆောက်မှုကို ၂၀၁၇ ခုနှစ်မတိုင်မီ အပြီးသတ်ရန်စီစဉ်နေကြောင်း အစိုးရနှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။

နိုင်ငံပိုင် ကာကွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (ADD)က ယင်း၏ ငါးနှစ်ကြာဖွံ့ဖြိုးရေးစီမံချက်အရ ၂၀၁၇ ခုနှစ်မတိုင်မီ တိုက်ချင်းပစ်ဒုံးကျည်အမျိုးမျိုးတည်ဆောက်ရန် ဆောင်ရွက်ခဲ့ကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးအားကိုးကား၍ ယင်းသတင်းဌာနက ပြောကြားသည်။ ADD သည် ၂၀၁၃ ခုနှစ်တွင် ကီလိုမီတာ ၃၀၀ ထိရောက်ရှိသော ပြည်တွင်းလုပ် တိုက်ချင်းပစ်ဒုံးကျည် အမျိုးမျိုးတည်ဆောက်မှုကို ၂၀၁၇ ခုနှစ်တွင် ကီလိုမီတာ ၈၀၀ ထိရောက်ရှိနိုင်စေရေး ရည်ရွယ်၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတပက်ခ်ဂွန်ဟေး စတင်တာဝန်ထမ်းဆောင်ချိန်ကတည်းက အဆိုပါစီမံချက်ကို အစိုးရထံ တင်သွင်းခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားတပ်မတော်သည် ဇွန် ၃ ရက်က Hyunmoo-2B ဟု အမည်ပေးထားသည့် ကီလိုမီတာ ၅၀၀ ထိရောက်ရှိနိုင်သော တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ပြည်တွင်းနည်းပညာကိုအခြေခံသည့် တာဝေးပစ်တိုက်ချင်းပစ်ဒုံးကျည်တည်ဆောက်ရေးအစီအစဉ်မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့က ဒုံးကျည်လမ်းညွှန်ချက်များ ပြန်လည်ပြင်ဆင်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# အမေရိကန် လေယာဉ်တင်သင်္ဘောကြီး ဂျပန်နိုင်ငံသို့ ဆိုက်ရောက်

**တိုကျို အောက်တိုဘာ ၁**

အမေရိကန်၏ လေယာဉ်တင်သင်္ဘောကြီးတစ်စင်းဖြစ်သော ယူအက်စ်အက်စ်ရော်နယ်ရေဂင်သည် ဂျပန်နိုင်ငံ မြို့တော် တိုကျိုအနီးရှိ ယိုကိုဆူကာမြို့၌ ဖြန့်ကြက်ရန် အောက်တိုဘာ ၁ ရက်တွင် ဆိုက်ရောက်လာခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောကြီး ယူအက်စ်အက်စ်ရော်နယ်ရေဂင်သည် ယခင်ဖြန့်ကြက်ထားခဲ့သော ယူအက်စ်အက်စ် ဂျော့ဂျ်ဝါရှင်တန်၏နေရာတွင် အစားထိုးမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယူအက်စ်အက်စ် ရော်နယ်ရေဂင်သည် အမေရိကန်ပြည်ထောင်စုကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒယေဂိုမြို့ရှိ အခြေစိုက်စခန်းမှ ထွက်ခွာလာခဲ့ပြီးနောက် တစ်လအကြာတွင် ယိုကိုဆူကာမြို့ရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းတစ်ခုသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ရော်နယ်ရေဂင်အမည်ရှိ လေယာဉ်တင်သင်္ဘောကြီးသည် အမေရိကန်ရေတပ်ကပိုင်ဆိုင်သော နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘော ၁၀ စင်းတွင် ပါဝင်သည်။

ဂျပန်နိုင်ငံ၌ အမျိုးသားလုံခြုံရေးဥပဒေများပြဋ္ဌာန်းခြင်းကို အမေရိကန်ကထောက်ခံပြီး ယင်းဥပဒေများအရ အမေရိကန်ရေတပ်နှင့် ဂျပန်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့အကြား ဆက်ဆံရေးပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း လေယာဉ်တင်သင်္ဘောဖြင့်လိုက်ပါလာသည့် အမေရိကန်ရေတပ်ဝန်ကြီး ရေးမာဘတ်စ်က ယိုကိုဆူကာ ဆိပ်ကမ်း၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ပီတီအိုင်။**

❖ **ရေဘေးသင့်ပြည်သူများမှ**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ လှူဒါန်းသည့်လှူဒါန်းငွေများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျှန်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့က ပေးအပ်ရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် လှူဒါန်းမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။

ယနေ့လှူဒါန်းပွဲတွင် မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း၊ ယူနန်ဘုံကျောင်း၊ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးများပရဟိတအသင်း၊ မြန်မာ-တရုတ်လုပ်ငန်းရှင်များအသင်း၊ Huaweiကုမ္ပဏီ၊ အရှေ့တောင်အာရှပိုက်လိုင်းကုမ္ပဏီ၊ Guangqian ဆက်သွယ်ရေးကုမ္ပဏီနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ၈၂၆၇၀၂၀၉၇ ကျပ်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များပေးပို့မှု ဆောင်ရွက်ခြင်းအား အသိပေးခြင်း

**၂၀၁၅ အောက်တိုဘာ ၁**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ (၁၅) ဖြင့် တောင်းခံထားသည့် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအသီးသီးသို့ အချိန်မီပေးပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ ကြိုတင်ဆန္ဒမဲလက်မှတ်များကို တာဝန်ခံ၍ ထုတ်ပေးမည့်သူများက အောက်တိုဘာ ၃ ရက်မှစတင်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် လက်မှတ်ရေးထိုးခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတံဆိပ်တုံးရိုက်နှိပ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း၊ လက်ခံခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပြည်တွင်း ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

✪ **ကျောဖုံးမှ**

မဲဆောက်ခရိုင်မှာ မြန်မာနိုင်ငံသို့သွားရောက်ရာ အဓိကဝင်ပေါက်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံကြား မြေပြင်အခြေပြုကုန်သွယ်မှုလုပ်ငန်းအများစုကို မဲဆောက်အကောက်ခွန်ရုံးက စီမံကိုင်တွယ်ရသည်။ မဲဆောက်ခရိုင်မှာ ထိုင်းနှင့် မြန်မာနိုင်ငံကြား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများဆုံစည်းရာ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ အရေးပါသောအချက်အချာနေရာတစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံသို့တင်ပို့သည့် ထိုင်းနိုင်ငံထွက် ပို့ကုန်များတွင် မိုဘိုင်းလ်ဖုန်းများ၊ဘီယာ၊ရေနံနှင့်ဒီဇယ်ဆီတို့ပါဝင်ပြီး မြန်မာနိုင်ငံမှတင်သွင်းသည့် သွင်းကုန်များမှာ ကျွဲ၊ နွားတိရစ္ဆာန်များ၊ မြေပဲနှင့် တွင်းထွက်ပစ္စည်းများ ဖြစ်သည်။

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ်ညစာခံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး တက်ရောက်ချီးမြှင့်




**ရန်ကုန် အောက်တိုဘာ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ်ညစာခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါညစာခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးတို့သည် ညနေ ၆ နာရီခွဲတွင် ညစာခံပွဲကျင်းပသည့် နိုဗိုတယ်ဟိုတယ်သို့ ရောက်ရှိလာကြရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Beak-soon နှင့် ဇနီးတို့က ကြိုဆိုကြသည်။

ယင်းနောက် အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီး Mr.Lee Beak-soonတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်စစ်သံမှူးတို့က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး**(အပေါ်ပုံ)**မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတဦးညဏ်ထွန်းနှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

❖

# ကုလသမဂ္ဂထူထောင်ခြင်း နှစ် (၇၀)ပြည့် အထိမ်းအမှတ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၊ အာဆီယံနှင့် ကုလသမဂ္ဂအကြား ဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် ၁၀ နာရီတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် "ကုလသမဂ္ဂထူထောင်ခြင်း နှစ်(၇၀)ပြည့်မြောက် အထိမ်းအမှတ်အဖြစ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်" တစ်ရပ်ကို ထုတ်ပြန်သည်။

ယင်းအစည်းအဝေးအပြီး နောက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်(၇၀) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌတို့အကြား နှစ်စဉ်ကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့် အစည်းအဝေးကို ကုလသမဂ္ဂဌာနချုပ်တွင် ဆက်လက်ကျင်းပသည်။ အစည်းအဝေးအပြီးတွင် အာဆီယံ-ကုလသမဂ္ဂ အစည်းအဝေး၏ ပူးတွဲသတင်းကြေညာချက်ကို ထုတ်ပြန်သည်။




အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီတို့အကြားကျင်းပသည့် အာဆီယံ-အမေရိကန်ပြည်ထောင်စု အလွတ်သဘော ဝန်ကြီးအဆင့်အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက်တွင် နယူးယောက်မြို့ ပဲလေ့စ် ဟိုတယ်တွင် ကျင်းပသည်။

အထက်ပါ အစည်းအဝေးများအပြင် အာဆီယံနှင့် အခြားသောဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ကျင်းပသည့် အစည်းအဝေးများ အနက် ဒုတိယအကြိမ်အာဆီယံနှင့် ပစိဖိတ်မဟာမိတ်များအဖွဲ့အကြား အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်တွင် ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်သည်။ **(သတင်းစဉ်)**

○ **ရောဝတီမှ**

ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး လေးမိနစ်တွင် အသင်းခေါင်းဆောင်မက်ဆီမင်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရရှိသွား၍ ရတနာပုံအသင်း ကစားပုံပိုကောင်းလာပြီး မိနစ် ၃၀ တွင် တိုက်စစ်မှူးမာတူနာက ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် ကစားပုံပျက်နေသည့် ရောဝတီအသင်းမှာ ဒုတိယပိုင်းအစတွင် လာဇာကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ၄၆ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ ရတနာပုံအတွက် တတိယဂိုးကို အောင်သူက သွင်းယူပေးခဲ့ပြီး ယင်းနောက်ပိုင်းတွင် ရောဝတီအသင်း ပြန်ဖိကစားနိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ကွင်းလယ်လူ ဆင်မ်က ရောဝတီအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရတနာပုံအတွက် စတုတ္ထဂိုးကို ၇၅ မိနစ်တွင် ယွန်းဂျီဆောင်က သွင်းယူပေးခဲ့သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ယခုပွဲစဉ်အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး အောက်တိုဘာ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

# ကျိုက်မရော၌ ကျေးရွာမြေငှားဂရန်များထုတ်ပေး

**ကျိုက်မရော အောက်တိုဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကော့သပ်ကျေးရွာအုပ်စု ကော့သပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မြေငှားဂရန်ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ရာ မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်ကျေးရွာ မြေငှားဂရန်ထုတ်ပေးရေး အထူးအဖွဲ့တွဲဖက်အတွင်းရေးမှူး၊ ခရိုင်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မြေငှားဂရန်စာချုပ် ၇၉ ခုအား မြေငှားဂရန်လျှောက်ထားသည့် ပြည်သူတစ်ဦးချင်းစီ၏လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# လူ့အဖွဲ့အစည်းအတွင်း ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူတို့ယုံကြည်ကိုးစားမှုကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်ဖော်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝင်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးဝင်းရှိန်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲအရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ထူးချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူအဖွဲ့အစည်းအတွင်း ပိုမိုထိရောက်ပြီး အကျိုးရှိသည့် ရဲတပ်ဖွဲ့လုပ်ငန်းဖြစ်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူတို့ယုံကြည်ကိုးစားမှုကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ မှုခင်းများဖြစ်လာမှ တုံ့ပြန်ခြင်းထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်းကို ဦးတည်ဆောင်ရွက်သွားကြရန်၊ လူတစ်ဦးချင်း အဆင့်မှသည် နိုင်ငံတော်အဆင့်ထိ ဦးစားပေးကာကွယ်ရမည့် မှုခင်းပြဿနာများကို ရှာဖွေ၍ မှုခင်းအန္တရာယ် ထိခိုက်နိုင်ခြေအများဆုံးသော ဒေသများ၊ ကဏ္ဍများပါဝင်သည့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များကိုရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူကလေးစားယုံကြည်မှုပိုမိုရရှိလာစေရန် ရဲတပ်ဖွဲ့ဝင်များသည် အဂတိတရားကင်းရှင်းကြရမည့်အပြင် တပ်ဖွဲ့စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း ဥပဒေနှင့်အညီ လုံခြုံမှု အကာအကွယ်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးခြင်းသည် ပွင့်လင်းမြင်သာမှုဟူသည့်တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်ရန် ထိရောက်မှုအရှိဆုံးသော နည်းလမ်းဖြစ်သည့်အတွက် မီဒီယာနှင့် ရဲတပ်ဖွဲ့ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်နိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် စိန်ခေါ်မှုများ၊ ကြုံတွေ့လာမည့် အခက်အခဲများကို ကြိုတင်သုံးသပ်အဖြေထုတ်ပြီး စီမံချက်များ၊ အစီအမံများချမှတ်ကာ အကောင်းဆုံးပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလမှစတင်၍ ရွေးကောက်ပွဲလွန်ကာလအထိ အခြားတာဝန်ရှိသည့်ဌာနများနှင့် ပူးပေါင်း၍ လုံခြုံရေးအမြင်၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကရည်မှန်းချက်တာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စံပြဆုရရှိသူ ရဲအုပ်ဇင်မင်းကိုအား စံပြရဲဂုဏ်ပြုစလွယ်နှင့် တစ်ဆင့်မြင့်ရာထူးတံဆိပ်တပ်ဆင်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က စံပြရဲဆုရ ဒုရဲအုပ်ဇော်ဇော်အောင်နှင့် ရဲအရာခံမျိုးသန့်တို့အား စံပြရဲဂုဏ်ပြုစလွယ်နှင့် တစ်ဆင့်မြင့်ရာထူးတံဆိပ်တပ်ဆင်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ပြသသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား တစ်ဆင့်မြင့်ရာထူး တိုးမြှင့်တပ်ဆင်ပေးခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် မှုခင်းဆိုင်ရာ DNA ဓာတ်ခွဲခန်းဖြစ်မြောက်ရေးနှင့် စမ်းသပ်စစ်ဆေးရေးတွင် အကြံဉာဏ်နှင့် နည်းပညာများ၊ ပံ့ပိုးကူညီခြင်းများဆောင်ရွက်ပေးခဲ့သည့် ဒေါက်တာနေဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ဒေါ်စန်းစန်းနွယ်၊ မွန်ပြည်နယ် ကျုံဖိုက်ကျေးရွာ ကံကလေး မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းချို၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာမှ ဦးဝင်းဦးနှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဈေးကြီးတောင်ပေါ်တန်းရပ်မှ ဒေါ်ရင်မြ တို့အား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ရုံးဝန်ထမ်းထူးချွန်ဆု၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆု၊ အားကစားထူးချွန်ဆုများအား တစ်ဆင်မြင့်ရာထူး၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှုထမ်းကောင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**



## တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ လုပ်သက်ရင့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်သောအားဖြင့် ရာထူးအဆင့်တိုးမြှင့်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့လျှောက်လှမ်းလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်အပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နှစ်ကာလကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြစ်မှုကင်းရှင်းသော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ လုပ်သက်ရင့်အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်သောအားဖြင့် ယနေ့ အောက်တိုဘာ ၁ ရက်တွင် ရာထူးအဆင့်များတိုးမြှင့်ပေးခဲ့သည်။

ယင်းသို့ ဂုဏ်ပြုချီးမြှင့်ရာတွင် တပ်သားအဆင့်မှ ဒုတိယတပ်ကြပ်အဆင့်သို့ ၁၉၂၀၊ ဒုတိယတပ်ကြပ်အဆင့်မှ တပ်ကြပ်အဆင့်သို့ ၃၇၂၀၊ တပ်ကြပ်အဆင့်မှ တပ်ကြပ်ကြီးအဆင့်သို့ ၂၀၃၀၊ ဗိုလ်ကြီးအဆင့်မှ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး)အဆင့်သို့ ၁၁၈ ဦးတို့အား ရာထူးအဆင့်များ တိုးမြှင့်ပေးခဲ့သည်။

အဆင့်တိုးမြှင့်ခြင်းခံရသည့်စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များကို ကိုယ်တိုင်ဂုဏ်ပြုတပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### သတင်းကြေညာချက်

- ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-
- တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။
- စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊(၅)၊(၆)၊(၇)၊(၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊(၃)၊(၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။
- ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ အောက်တိုဘာလ(၃၁)ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။
- အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ အောက်တိုဘာလ (၃၁) ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။
- သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူ တင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း သတိပြုစေလိုပါသည်။
- လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ် (၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဖွဲ့ကပင်ဆောင်)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ အမှတ် (၁၆၆)၊ လသာလမ်း၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မဘိမ်းမြို့တွင် ကျင်းပ

**မဘိမ်း အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် (၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဖော်ဝင်းထံမှပေးပို့သော သဝဏ်လွှာအား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းလွင်က မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

မဘိမ်းမြို့နယ် ရဲတပ်ဖွဲ့၏ ဒုတိယရဲအုပ်မှ ရဲအုပ်အဆင့်သို့ တိုးမြှင့်ခြင်းခံရသော လ ၁၉၉၈၅၀ဒုရဲအုပ်ကျော်ဆန်းဝင်းနှင့် လ ၂၁၇၁၇၅ ဒုရဲအုပ် ပေါစံတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မစခန်းမှူးတို့က ရဲအုပ်ရာထူးအဆင့်တံဆိပ် တပ်ဆင်ပေးအပ်ခြင်းနှင့် မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့၏ မှုခင်းဖော်ထုတ်ဖမ်းဆီးမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊အငြိမ်းစားရဲတပ်ဖွဲ့ဝင်များကို တာဝန်ရှိသူများက ထူးချွန်ဆုနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ















ပြန်လည်ထူထောင်ရေး

# အေးသာယာနှင့် ကျော့က္ကာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များစတင်ဆောက်လုပ်



**ကလေး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လများက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေမြောင်းရေများလျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေ၊ အိုးအိမ်နှင့် အခြားကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး စေတနာရှင် အလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၏ ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အေးသာယာကျေးရွာနှင့် ကျော့က္ကာကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် ကျော့က္ကာကျေးရွာတွင် ပျက်စီးသွားသည့် အိမ်များအစား နေအိမ်အလုံး ၁၀၁ လုံး ဆောက်လုပ်ရန် လျာထားရာမှ ယခုအခါ ဆန်းသစ်စဦး၊ အောင်မိုးမြေ၊ ဘုန်းမြတ်ဖြိုး၊ ပန်းမွှန်၊ Holy Land နှင့် Myanmar Land ကုမ္ပဏီတို့က တာဝန်ယူကာ Type B တွင် အမိုးမိုးပြီး အိမ်ခြေ ၂၆ လုံး၊ တိုင်ထူ တန်းထိုး သုံးလုံး၊ ကျင်တွယ်စိုက် သုံးလုံးတို့နှင့် Type A တွင် အမိုးမိုးပြီး နှစ်လုံး၊ တိုင်ထူခုနစ်လုံးနှင့် ကျင်တွယ်စိုက် နှစ်လုံးတို့အား ဆောက်လုပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အေးသာယာကျေးရွာတွင် အိမ်အလုံး ၃၆ လုံး ဆောက်လုပ်ပေးရန် လျာထားရာမှ ယခုအချိန်တွင် တိုင်ထူတန်းထိုး ရှစ်လုံးနှင့် ကျင်တွယ်စိုက်ခုနစ်လုံးတို့အား တောင်ဇလပ်ကုမ္ပဏီက စတင်ဆောက်လုပ်နေပြီဖြစ်သည်။

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်နှင့်ကျေးရွာ ၆၈ ရွာမှ ကျေးရွာသစ်ပြန်လည်ထူထောင်ရေးနှင့် နေအိမ်ဆောက်လုပ်ပေးရေးအတွက် စုစုပေါင်း အိမ် ၃၅၈ လုံး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ချင်းတွင်းသား)**



**စက်တင်ဘာ ၂၄ ရက်က တစ်နေ့လုံးမိုးများရွာသွန်းမှုကြောင့် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် (က)ရပ်ကွက်နှင့် ပြင်းထိန်ကျေးရွာချင်းဆက်လမ်း ချောင်းရေလျှံကာ ရေကျော်တိုက်စားသဖြင့် သွားရေးလာရေးအခက်တွေ့နေသည်ကို တွေ့ရစဉ်။**

စိုးထွန်း(ပြန်/ဆက်)

# အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ ယနေ့တွင် အလှူငွေလက်ခံရရှိမှုမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၄၀၀၀၀၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း(ဗိုလ်တထောင်)ကျောင်းသား ကျောင်းသူများက ငွေကျပ် ၃၆၄၀၀၀ တို့ကို လက်ခံရရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ အလှူငွေစုစုပေါင်းမှာ ၇၉၉၉၈၁၀၇၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၁၉၀၇၂၀ ဒသမ ၈၀၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအနက် အမြင်အာရုံနည်းသူများကို မျက်မှန်များ အခမဲ့ဖြန့်ဝေ

**ဟားခါး အောက်တိုဘာ ၁**

ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် သဘာဝဘေးသင့်ပြည်သူများထဲမှ အမြင်အာရုံအားနည်းသူ များကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ပြန်လည်ထူထောင်ရေးရုံး၌ အခမဲ့မျက်မှန်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အမြင်အာရုံအားနည်းသူ ၂၅၀ အား ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာသီဂိဝင်းက စမ်းသပ်စစ်ဆေးပေးပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေ ဦးဆောင်သော အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များက ၎င်းတို့နှင့် ကိုက်ညီသည့်မျက်မှန်များ တပ်ဆင်ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ဘဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် ကမ္ဘောဇလေကြောင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကျောက်စိမ်းပိတ်စလိပ်များကို ပေးပို့ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် စက်တင်ဘာ ၃၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ရေစုပ်စက် အလုံး ၁၃၀၀ နှင့် ခြင်ထောင် ၂၂၃၆လုံး စုစုပေါင်း ကုန်တန်ချိန် ကီလိုဂရမ် ၁၀၃၄၃၀ အား Uni-Top Airlines B 747-200F လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ရာ အဆိုပါပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဆက်လက်၍ ဖြန့်ဝေပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်၌ ပျက်စီးခဲ့သော ရန်ကုန်-ကျောက်ဖြူလမ်း(တောင်ကုတ်-မအီအပိုင်း) ၄က်ပျောချောင်းတံတား(၂/၁၅) ပေ ၁၂၀ ယာယီဘေလီတံတား တည်ဆောက်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေစဉ်။**

(ဆောက်လုပ်ရေး)



**ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ပျက်စီးခဲ့သော ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၇၁/၂-၇၃/၃)အကြားရှိ တွံဗန်တံတား(၃/၇၂) ပေ ၂၁၀ ဆောင်ရွက်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေစဉ်။**

(ဆောက်လုပ်ရေး)

ပြည်တွင်းရေးရာ

## ရန်ကုန်တိုင်းဒေသကြီး (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး (၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်၌ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်များအောင်မြင်စေရန် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်များ ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ချောချောမွေ့မွေ့ ကျင်းပနိုင်ရန် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရှိရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မှုခင်းများကို စွမ်းစွမ်းတမံ ဖမ်းဆီးစဉ် ကျဆုံးခဲ့သော တပ်ဖွဲ့ဝင်သုံးဦး၏ ဇနီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းကို ဗီဒီယိုဖိုင်ဖြင့် ပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရားဥပဒေ စိုးမိုးရေးဆောင်ရွက်မှု ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဝဝဝ

## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

အမျိုးသား စီမံခန့်ခွဲမှုပညာ ကောလိပ်၌ ပထမဦးဆုံးအကြိမ် ကျင်းပသည့် အလုပ်အကိုင်အခွင့် အလမ်းပြပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ကျင်းပမည် ဖြစ်သည်။

ပြပွဲတွင် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၌ လက်ရှိတက်ရောက် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ရကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနိုင်မည် ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီပေါင်းများစွာက ပါဝင်ပြသမည်ဖြစ်ကြောင်းနှင့် ပြပွဲကို ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့် အလမ်း ပိုမိုလွယ်ကူထိရောက်စွာရရှိနိုင်ရန်နှင့် ပြင်ပကုမ္ပဏီများ၏အလုပ် အကိုင် အခွင့်အလမ်းဆိုင်ရာ အတွေ့အကြုံများပိုမိုရရှိနိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။

အမျိုးသား စီမံခန့်ခွဲမှုပညာ ကောလိပ်မှ ဘွဲ့ရပြီးကျောင်းသား ကျောင်းသူများ၊ လက်ရှိ တက်ရောက် နေသော ကျောင်းသားများအားလုံး အတွက် သင့်လျော်သော အချိန်ပိုင်း၊ အချိန်ပြည့် အလုပ်အကိုင်များ ရှာဖွေပေးမည့်ပြပွဲဖြစ်ကြောင်း သိရှိရသည်။

အမျိုးသား စီမံခန့်ခွဲမှုပညာ ကောလိပ်ကို ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် စီးပွားရေး စီမံခန့်ခွဲမှုပညာဘာသာရပ်၊ သတင်း အတတ်ပညာဘာသာရပ်၊ ခရီးသွားဆိုင်ရာ အတတ်ပညာဘာသာရပ်နှင့် English for Professional Purpose ဘာသာရပ်များကို ပြင်ပကုမ္ပဏီများနှင့် ပူးပေါင်းကာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

**(ခိုင်ဝတ်ရည်ထက်)**

□□□

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မုံရွာ အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၂၉ ရက်က ရွှေသိမ်တော်ဘုရားဝင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ထို့အပြင် အခြားရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း အရာတော်မြို့နယ် ရဲတပ်ဖွဲ့ဝင်များမှ အားကြိုးမာန်တက် ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## (၃၂၁) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

နေပြည်တော် အောက်တိုဘာ ၁

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း ၁၅၀၀**

ဝ-၄၇၇၅၂၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၁၀၀၀**

ဃ- ၉၄၁၈၃၃

ပ- ၇၇၀၀၃၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၅၀၀ ဆုများ**

ဠ- ၈၈၁၉၃၇

က- ၁၅၅၂၁၅

ရ-၂၃၆၂၄၃

ခ-၈၉၄၈၄၄

ရ-၂၈၀၈၄၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၃၀၀ ဆုများ**

ဗ - ၈၃၄၂၈၃

ကခ-၅၄၄၃၇၀

ဠ-၂၄၂၈၆၉

ည-၄၈၃၁၇၁

တ-၄၃၂၆၆၆

န-၈၁၂၀၂၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၂၀၀ ဆုများ**

မ-၉၇၈၃၇၅

ကင-၃၃၁၁၈၇

တ-၃၇၅၀၄၈

မ-၆၈၈၅၃၇

ဇ-၆၈၄၁၈၃

ဂ-၉၅၈၄၆၀

ကဃ-၂၆၄၂၈၇

**ဆုတစ်ဆုချင်း ကျပ်သိန်း ၁၀၀ ဆုမဲများ**

| | |
|---|---|
| င- ၁၈၈၄၇၉ | ဗ-၆၈၀၂၆၇ |
| မ-၂၆၄၀၈၈ | ဂ-၇၉၉၉၄၁ |
| ဗ-၆၃၈၅၂၈ | ထ-၆၄၉၄၀၇ |
| ရ-၁၃၉၀၃၂ | ကစ-၄၉၉၆၈၀ |
| အ-၄၄၂၄၀၀ | ကက-၂၀၃၉၃၈ |
| ဘ-၃၅၄၈၆၉ | ဍ-၉၅၉၂၃၂ |
| ဏ-၈၄၈၈၀၃ | တ-၈၇၇၂၁၉ |
| ဖ-၄၈၃၇၇၄ | ဆ-၈၂၃၁၀၆ |
| ဍ-၃၅၃၀၈၀ | ရ-၁၄၆၆၈၉ |




## ပတ္တမြား FM (၆)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

ပတ္တမြား FM (၆)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား Audio Book လှူဒါန်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁ ရက်က Junction Square Promotion Area၊ Aqua Hall တွင် ယနေ့ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ယခုနှစ် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ မျက်မမြင်ကျောင်းများသို့ Audio Book လှူဒါန်းခြင်း၊ အလှူငွေပေးအပ်ခြင်း၊ ရန်ကုန်မြို့ ခဝဲခြံနှင့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ဦးရေ ၁၀၀ ကျော်အား နေ့လယ်စာနှင့် ညစာ ကျွေးမွေးခြင်းတို့အပြင် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ကျပ်သိန်းနှစ်ဆယ်ငါးသောင်း လှူဒါန်းခဲ့ကြောင်းသိရသည်။

ပတ္တမြား FM ကို ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် အတည်ပြုထုတ်လွှင့်ခဲ့သည်။ ၂၀၁၀ ခုနှစ် မတ်လနှင့် ဧပြီလတွင် မန္တလေးနှင့်မုံရွာမြို့တို့၌ ဂီတကြယ်ပွင့်ရှာပုံတော် အဆိုပြိုင်ပွဲများ၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် The Challenge of Top Presenter ပြိုင်ပွဲနှင့် ချစ်သူများနေ့၊ ခရစ္စမတ်နေ့များတွင်မူ နိုင်ငံကျော်တေးသံရှင်များ၊ အကအဖွဲ့များဖြင့် ကျင်းပခဲ့သည်။

ထို့ပြင် ၂၀၁၄ ခုနှစ်တွင် ပတ္တမြား FM (၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအထိမ်းအမှတ်အဖြစ် Padamyar FM Radio To Live Road Show CD၊ DVD အခွေအား ထုတ်လုပ်ဖြန့်ဖြူးခြင်း စသည့်လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ လူမှုအကျိုးပြုလုပ်ငန်းများ အနေဖြင့်လည်း နှစ်စဉ်အောက်တိုဘာ ၁၅ ရက် မျက်မမြင်လမ်းလျှောက်တုတ်နေ့တွင် တီရှပ်လှူဒါန်းခြင်းနှင့် ပူးပေါင်းလမ်းလျှောက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

ပတ္တမြား FM ကို ဖမ်းယူနားဆင်လိုပါက ရန်ကုန်မြို့တွင် 88.2 MHz၊ နမ္မား၊ ဗန်းမော်၊ မြစ်ကြီးနား၊ စစ်ကိုင်း၊ ကသာ၊ မန္တလေး စသည့် မြို့များတွင် 88.9 MHz၊ ကန့်ဘလူ၊ မုံရွာမြို့တွင် 88.6 MHz၊ နေပြည်တော် တွင် 89.5 MHz၊ ပုပ္ပားမြို့တွင် 90.7 MHz၊ ပဲခူးနှင့် ပြည်မြို့တို့တွင် 91.3MHz၊ တောင်ကြီးမြို့တွင် 92.2 MHz နှင့် မော်လမြိုင်မြို့တွင် 92.5 MHz ဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး နားဆင်နိုင်စေရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။ ပတ္တမြား FM ကို Mobile Application ဖြင့် ရယူလိုပါက www.padamyarfm.com တွင် Android နှင့် iOS နှစ်မျိုးလုံးအတွက် အခမဲ့ဒေါင်းလုပ်ရယူနိုင်ပြီ ဖြစ်သည်။

**(သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ဖိုးခွား)**

ဝဝဝ

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက်အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီဒီပလိုမာသင်တန်းသို့ ပညာသင် ၁၉၈ ဦးနှင့် ဘွဲ့မယူသောသင်တန်း(Training)သို့ ပညာသင် ၃၈၈ ဦး စုစုပေါင်း ပညာသင် ၅၈၆ ဦးကို ပြည်ပနိုင်ငံ ၂၉ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ စက်တင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ပညာသင် အများဆုံးစေလွှတ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ပျော်ဘွယ်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ နေပြည်တော်(တပ်ကုန်း)တွင် ၁ ဒသမ ၇၇ လက်မ၊ လှိုင်ကော်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

## စက်ချုပ် သင်တန်းဆင်း

**ကျောက်တန်း အောက်တိုဘာ ၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အမျိုးသမီးများနှင့် မိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို ဘဝတစ်သက်တာအသုံးချနိုင်ရန် ရေရှည်အတွက်ရည်ရွယ်ပြီး ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာ Learning Center တွင် ကျင်းပသည်။

အခမ်းအနားတွင် တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူ ၅၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ကျေးလက်)**

# အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု အပိုင်း(၁)

**၂၀၁၅ခုနှစ်အတွက် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်တော့မည့် အာရှဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆုသည် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၏ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက် ဒေသအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးကွန်ရက်နှင့် အိုဇုန်းဆိုင်ရာ လိုက်နာဆောင်ရွက်ရေးအကူအညီ အစီအစဉ်နှင့် Freeland Foundation တို့မှ ပူးပေါင်းဆောင်ရွက်သော ဆုတစ်မျိုးဖြစ်သည်။**

ဒေါက်တာလပြည့်ခင်

ယင်းအာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆုကို ၂၀၁၄ ခုနှစ်တွင် စတင်ပြီး ပထမအကြိမ် အာရှ-ပစိဖိတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်များနှင့် ဝန်ကြီးများဖိုရမ်၏ အာရှ-ပစိဖိတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများဆိုင်ရာ အစည်းအဝေးတွင် လူပုဂ္ဂိုလ်ဆိုင်ရာ ဆုငါးဆုနှင့် အဖွဲ့အစည်းဆိုင်ရာ ဆုရှစ်ဆုတို့ ပေးအပ်ခဲ့ပါသည်။

အနည်းဆုံး နောက်ထပ်နှစ်နှစ်ဖြစ်သည့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွက်သာ ချီးမြှင့်သွားမည်ဖြစ်၍ မိမိတို့နိုင်ငံမှလည်း အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေး ကွန်ရက်စီမံကိန်းကို ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ပံ့ပိုးကူညီမှုဖြင့် အရှေ့မြောက်အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံ ၂၅ နိုင်ငံအတွင်း ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရာ၌ အကောက်ခွန်ဌာနများ၏ အာဏာသက်ရောက်စေရေးနှင့် လက်ရှိကွန်ရက်အား ပိုမိုအားကောင်းစေရေးအတွက် ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်တို့တွင် ထိရောက်သောပတ်ဝန်းကျင်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုရရှိရန် ရည်ရွယ်၍ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် ကတိကဝတ်များအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ ထိရောက်အောင်မြင်စေခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ၊ စွန့်ပစ်ပစ္စည်းများ၊ အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများအပါအဝင် ဓာတုပစ္စည်းများ တရားမဝင် ကုန်သွယ်မှုတို့အား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ခြင်း လုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိသူများ လျှောက်ထားနိုင်**

အစီအစဉ်(UNEP)မှ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ အာရှဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆုတစ်ခုဖြစ်ပြီး အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းနှင့် ဓာတုပစ္စည်းများအား တရားမဝင်သယ်ဆောင်တင်သွင်းခြင်းများ တားဆီးကာကွယ်ခြင်း၊ တားမြစ်ထားသည့် မျိုးစိတ်များနှင့် အခြားတောရိုင်းတိရစ္ဆာန်များအား တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်း၊ အဏ္ဏဝါသဘာဝနယ်မြေတည်ထောင်ခြင်း၊ သဘာဝနယ်မြေတည်ထောင်ရန်အတွက် သင်တန်းများပေးခြင်း၊ တရားမဝင်ငါးဖမ်းခြင်းနှင့် အဏ္ဏဝါညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရေးဆောင်ရွက်ခြင်း၊ သံသယရှိသူများအား ဖမ်းဆီးအရေးယူနိုင်သည့် သတင်းအချက်အလက်နှင့် ဖုန်းခေါ်ဆိုမှုများအား လက်ခံရယူခြင်း၊ တရားရုံးတွင် အမှုဖွင့်လှစ်ခြင်း၊ အဆိုပါ ကိစ္စရပ်များအတွက် တရားရုံးမှ ဖမ်းဆီးအရေးယူအပြစ်ပေးမှုများကို စာရင်းနှင့်တကွ တင်ပြခြင်းဆိုင်ရာ သတင်းရယူခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ချိုးဖောက်မှုများ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများအား အရေးယူဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့၌ ထူးချွန်စွာ စွမ်းဆောင်နိုင်သူ (သို့မဟုတ်) အဖွဲ့အစည်းများအား ပေးအပ်သည့်ဆု ဖြစ်ပါသည်။

ထိုဆုအား အကောက်ခွန်ဌာန၊ ရဲတပ်ဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရဲဌာနများ၊ လူပုဂ္ဂိုလ်များအပါအဝင် အာရှဒေသရှိ အဖွဲ့အစည်းအသီးသီးနှင့် သီးခြားလူပုဂ္ဂိုလ်များအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် ကတိကဝတ်များအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ ထိရောက်အောင်မြင်စေခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ၊ စွန့်ပစ်ပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအပါအဝင် ဓာတုပစ္စည်းများ တရားမဝင်ကုန်သွယ်မှုတို့အား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိသူများ လျှောက်ထားနိုင်ပါသည်။

ချီးမြှင့်မည့် ဆုအမျိုးအစားမှာ သုံးမျိုးဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ဆိုင်ရာဆုနှင့် ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာဆုများကို အဖွဲ့အစည်းသုံးခုစီနှင့် လူပုဂ္ဂိုလ်သုံးဦးစီ၊ တောရိုင်းတိရစ္ဆာန်၊ ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာဆုကို အဖွဲ့အစည်းသုံးခုနှင့် လူပုဂ္ဂိုလ်တို့အား ချီးမြှင့်မည်ဖြစ်ပါသည်။

အဖွဲ့အစည်းအတွက် ဆုသည် ယူနစ်တစ်ခု (သို့မဟုတ်) ယင်းထက်ပိုသည့် ဦးစီးဌာန၊ ဌာနခွဲ၊ ဌာနစိတ်၊ ရုံးနှင့် အစုအဖွဲ့တို့ဖြစ်ရန်နှင့် အထူးသဖြင့် ပတ်ဝန်းကျင်ထိခိုက်စေမှုအား တိုက်ဖျက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်သည့် စံနမူနာ ယူလောက်သော အာရှဒေသရှိ အဖွဲ့အစည်းအတွက် ဖြစ်ပါသည်။ ဆုအဆိုပြုရန်အတွက် ဖိတ်ခေါ်ထားသူများအနေဖြင့် အဆိုပြုနိုင်ပါသည်။

ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာ ဆုအမျိုးအစားအတွက် ဓာတုပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများအတွက် ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေး ကွန်ရက်အဖွဲ့ဝင် ၂၅ နိုင်ငံဖြစ်သည့် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်ဒါရုဆလမ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖီဂျီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ လာအို၊ မလေးရှား၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောလိစ်တယ်၊ ဗီယက်နမ်နိုင်ငံနှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများ၊ အာရှနိုင်ငံများမှ အမျိုးသားအိုဇုန်းယူနစ်များကို ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

ဖိတ်ခေါ်ခံရသည့် နိုင်ငံအဖွဲ့အစည်းတစ်ခုချင်းစီသည် ပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအား အဆိုပါဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် အဆိုပြုတင်ပြနိုင်ပါသည်။

တောရိုင်းတိရစ္ဆာန်ဆိုင်ရာဆု အမျိုးအစားအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့အား ကန့်သတ်ထားပြီး ဖိတ်ကြားခံရသည့်နိုင်ငံ အဖွဲ့အစည်းများအနေဖြင့် တစ်ဦးထက်ပို၍ အဆိုပြုတင်ပြနိုင်ကြောင်း သိရပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အား ကန့်သတ်ထားရခြင်းမှာ မျိုးတုံးပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရှားပါးမျိုးစိတ်များ တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး အာရှဒေသတွင်းအစီအစဉ်မှ ငွေကြေးထောက်ပံ့၊ ပေးထားသည့် United State Agency for International Development-USAID လက်အောက်ရှိ Freeland Foundationမှ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဆုအမျိုးအစားအတွက် အထောက်အပံ့ပေးထားပြီး ARRSET Program၏ ပယ်ဖျက်ချက်စာရင်းတွင် ပါဝင်နေသောကြောင့် ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဆုရွေးချယ်ရာတွင် ထင်ရှားသောစုံစမ်းစစ်ဆေးမှု၊ ထိန်းသိမ်းမှု၊ ဖမ်းဆီးမှု၊ စွဲချက်တင်မှု (သို့မဟုတ်) ပြစ်မှုထင်ရှားစီရင်နိုင်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်စေမှုများအား တိုက်ဖျက်ရာတွင် အဓိကကျသည့် ရလဒ်များရရှိအောင် စွမ်းဆောင်နိုင် သည့် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြင့်မှတ်တမ်းနှင့် ကတိကဝတ်များရရှိထားမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် လေးစားလိုက်နာရေးဆိုင်ရာ အရေးပါမှုများအား ပြည်သူလူထုသိရှိလိုက်နာစေရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုများ စသည့်အချက်များပေါ်တွင် ရွေးချယ်သွားမည်ဖြစ်ပါသည်။

အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များအား ရွေးချယ်ရာတွင် အခြားနိုင်ငံများ၊ ဒေသဆိုင်ရာများနှင့် အပြည်ပြည်ဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်သည့် အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်နှင့် အသိပညာများ မျှဝေရာ၌ အချိန်နှင့်တစ်ပြေးညီ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အရာရှိများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုများ မြင့်မားစေရေးဆောင်ရွက်ရာ၌ တက်ကြွစွာ စုစည်းပါဝင်စေရေးဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်စေမှုများအား တိုက်ဖျက်ရာတွင် အဖွဲ့အစည်းခိုင်မာတောင့်တင်းစေရန် ကြိုးစားအားထုတ်ခြင်း၊ အခြားအမျိုးသားအဆင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အေဂျင်စီများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ တရားဥပဒေစိုးမိုးစေသည့် ကြိုးပမ်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့အပေါ် မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

ပထမအဆင့်စစ်ဆေးမှုအား ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် Freeland Foundation တို့မှဦးစီးဆောင်ရွက်ပြီး ဆုရွေးချယ်ရေးအဖွဲ့သို့ အဆိုပြုလွှာများပေးအပ်ကာ စိစစ်ဆောင်ရွက်ခြင်း၊ ထောက်ခံခြင်းတို့အား ဆုံးဖြတ်ရွေးချယ်ပါသည်။ ဆုံးဖြတ်ပေးမှု အဆင့်မြင့်ဆုံးရရှိသည့် လူပုဂ္ဂိုလ်သုံးဦးနှင့် အဖွဲ့အစည်းသုံးဖွဲ့စီအား အမျိုးအစားအလိုက် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ရာ REN အဖွဲ့ဝင်ဖြစ်သည့် မိမိတို့နိုင်ငံမှလည်း ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု (AEEA Award) ရရှိရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အဆိုပြုလွှာပေးပို့ထားပြီးဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် တောရိုင်းတိရစ္ဆာန်များ၊ ငါးဖမ်းခြင်း၊ တားမြစ်သစ်မျိုးစိတ်များနှင့် တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများ၊ ငါးလုပ်ငန်းဥပဒေပါ ဖမ်းဆီးအရေးယူမှုများနှင့် သက်ဆိုင်သည့် အချက်အလက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်၍ သုံးလတစ်ကြိမ်နှုန်းဖြင့် ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ပေးပို့ရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ တစ်နှစ်စာစာရင်း စုစုပေါင်းစာရင်းချုပ်ကို ပေးပို့ပြီးနောက် ဦးစွာREN အဖွဲ့သို့ တင်ပြစစ်ဆေးခံရမည်ဖြစ်ပြီး ယင်းမှ ဆုစိစစ်ရွေးချယ်ဆုံးဖြတ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရွေးချယ်စေမည်ဖြစ်ပါသည်။

AEEA ဆုရရှိရေးအတွက် ဦးစားပေးလုပ်ဆောင်ခြင်းဖြစ်ပေါ်သော်လည်း ဆက်လက်၍လည်း နှစ်စဉ်စာရင်းများ UNEPသို့ ပေးပို့တင်ပြသွားရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့နိုင်ငံ အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကို တစ်ကမ္ဘာလုံးမှသိရှိပြီး တစ်ဖက်တစ်လမ်းမှ နိုင်ငံ့ဂုဏ်ကို တက်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာကွန်ဗင်းရှင်းနှင့် ဥပဒေအရ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအား ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေခြင်း၊ ယင်းကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းဆိုင်ရာ အရေးယူမှုများအားလည်းကောင်း၊ ကျွန်း၊ တမလန်းနှင့် ပိတောက်အပါအဝင် Rose Wood ခေါ် ရှားပါးသစ်မျိုးများနှင့် နိုင်ငံတကာကွန်ဗင်းရှင်းအရ ကာကွယ်ထားသည့်အပင်မျိုးစိတ်များအား ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ စုဆောင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းဆိုင်ရာ အရေးယူမှုများကိုလည်းကောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ တရားမဝင် တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့် ပတ်သက်၍ အရေးယူမှုများကိုလည်းကောင်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများ တရားမဝင် ကုန်သွယ်ခြင်းဆိုင်ရာ အရေးယူမှုများကိုလည်းကောင်း၊ ပင်လယ်ပြင်နှင့် ပြည်တွင်းငါးဖမ်းခြင်းလုပ်ငန်းဆိုင်ရာ အရေးယူမှုများကိုလည်းကောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ သုံးလတစ်ကြိမ်နှင့် နှစ်ချုပ်ပြန်တမ်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့ဆောင်ရွက်သွားရပါမည်။

ထို့အတွက် အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတရားဥပဒေစိုးမိုးရေးဆု(Asia Environmental Enforcement Award-AEEA) တင်ပြရေးဆိုင်ရာ ဆု စိစစ်ရွေးချယ် ရေးအဖွဲ့ကိုလည်း သက်ဆိုင်သူများ ပါဝင်၍ ၁၁ ဦးဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။

ထိုဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ ပုံမှန် အစည်းအဝေးများနှင့် လိုအပ်ပါက အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပသွားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

❖❖❖

ပြည်တွင်းရေးရာ

# ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ မန္တလေးမြို့သို့လာရောက်လေ့လာ



**မန္တလေး အောက်တိုဘာ ၁**

ရွေးကောက်ပွဲအလွန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်သူ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာရာ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ရှိ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးစီမံကိန်းအား စိတ်ဝင်တစားလေ့လာခဲ့ကြကြောင်းသိရသည်။

မင်္ဂလာမန္တလေး စီမံကိန်းတာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြပြီး စီမံကိန်းအတွင်းလှည့်လည်ပြသကာ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးမြို့တွင် အကောင်အထည်ဖော်ဆဲစီမံကိန်းများကို ရှင်းလင်းပြသသည်။

ထို့နောက် မြို့သာစက်မှုဥယျာဉ်စီမံကိန်းသို့ ဆက်လက်လေ့လာကြကြောင်းသိရသည်။

နိုင်ငံတကာလေ့လာရေးအဖွဲ့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မြန်မာစျေးကွက်သုတေသနဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းဖိတ်ကြားစီစဉ်ခဲ့ပြီး မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍနယ်ပယ်စုံကို လေ့လာနိုင်ရန်နှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် မြန်မာနိုင်ငံသို့ ရင်းနှီးမှုများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်သည်။

"အဆိုပါ နိုင်ငံတကာလေ့လာရေးအဖွဲ့တွင် ဂျပန်၊ တရုတ်၊ အမေရိကန်၊ အင်္ဂလန်၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ဘရူနိုင်း၊ ဂျာမနီ၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ကိုရီးယား၊ ပြင်သစ်၊ ဩစတေးလျ၊ လစ်သူရေးနီးယားစသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အဖွဲ့ဝင် ၁၀၇ ဦး စီးပွားရေးနယ်ပယ်စုံမှ လုပ်ငန်းရှင် ၁၀၇ ဦး လာရောက်လေ့လာကြကြောင်းသိရသည်။ **(ဝဝ၂)**



# ရထားတွဲများ သန့်ရှင်းသပ်ရပ်ရေး ဝန်ဆောင်မှုတိုးမြှင့်လုပ်ဆောင်

**မန္တလေး အောက်တိုဘာ ၁**

မြန်မာ့မီးရထား(မန္တလေး) ဘူတာကြီးတွင် ရထားတွဲများသန့်ရှင်းသပ်ရပ်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်နေပြီး ခရီးသည်များသက်သောင့်သက်သာရှိစေရန် အထက်တန်းထိုင်ခုံ ၄၀ မှ လျှော့ချကာ ထိုင်ခုံ ၃၀ ဖြင့် တပ်ဆင်ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

"ရထားတွဲဆိုင်းတွေကို မြစ်ငယ်စက်ရုံမှာ အသစ်ထုတ်လုပ်ခြင်းနဲ့ အကြီးစားပြင်ဆင်နေရာမှာ အရင်ထိုင်ခုံထက် ၁၀ ခုံလျှော့ချပြီး ကျယ်ဝန်းစွာစီးလို့ရအောင် ထုတ်လုပ်နေပါတယ်။ တွဲဆိုင်းတွေသန့်ရှင်းသပ်ရပ်ရေးအတွက် ဖုန်စုပ်စက်၊ ဖုန်မှုတ်စက်တွေနဲ့ သန့်စင်တယ်။ အိမ်သာတံခါးကောင်းဖို့နဲ့ ရေအမြဲတမ်းရရှိရေးကို ဂရုတစိုက်ဆောင်ရွက်နေပါတယ်"ဟု မြန်မာ့မီးရထား(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရထားတွဲဆိုင်းများ သန့်ရှင်းရေးအတွက် မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် လုပ်ဆောင်ပေးနေခြင်းဖြစ်ပြီး ခရီးတစ်လျှောက်တင်ရှိလာသော ဖုန်နှင့် အမှိုက်များကို စက်များဖြင့် ဆေးကြောရှင်းလင်းနေကြောင်း၊ တွဲသန့်ရှင်းရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ငန်းအပ်နှံထားကာ ဌာနမှကြီးကြပ်လုပ်ဆောင်နေကြောင်း သိရသည်။

"တချို့က အမှိုက်တွေကို လက်ရန်းထဲ ထိုးထည့်တာမျိုးလုပ်ထားတော့ အဲဒီအမှိုက်တွေ သေချာရှင်းထုတ်ရသလို ထိုင်ခုံတွေလည်း ခဏနဲ့ပျက်စီးသွားနိုင်ပါတယ်။ တွဲသန့်ရှင်းဖို့နဲ့ ထိုင်ခုံတွေကောင်းမွန်ဖို့က ခရီးသည်တွေက ဝိုင်းဝန်းထိန်းသိမ်းဖို့လိုပါတယ်"ဟု တွဲသန့်ရှင်းရေးအဖွဲ့က ပြောသည်။

အဆိုပါ အထက်တန်းထိုင်ခုံသစ် ၃၀ တပ်ဆင်ထားသည့် တွဲများမှာ မန္တလေး-ရန်ကုန် အမြန်ရထားခြောက်စင်း၊ အမှတ် ၆-အစုန်/၅-အဆန်ရထား၊ ၄-အစုန်/၃-အဆန်ရထားနှင့် ၁၂-အစုန်/၁၁-အဆန်ရထားများတွင် မတ် ၃ ရက်မှစ၍ အသုံးပြုပြေးဆွဲနေသကဲ့သို့ မြစ်ကြီးနားလမ်းပိုင်းတွင်လည်း အထက်တန်းထိုင်ခုံအသစ်များ တပ်ဆင်ပြေးဆွဲနေကြောင်းသိရသည်။

ရထားတွဲများတွင် ပါရှိသည့် တွဲထိန်းများကို တွဲသန့်ရှင်းရေး၊ ရေအိမ်များရေပြည့်စုံမှုနှင့် ရေဖြည့်နိုင်သည့် ဘူတာများတွင် ရေအိမ်များ သန့်ရှင်းစေခြင်း၊ ဘူတာရောက်ချိန် မြေပြင်စက်မှုတွဲပြင်အဖွဲ့က ရေပန့်စက်များဖြင့် ဆေးကြောခြင်းတို့လည်း လုပ်ဆောင်နေသည်ဟုဆိုသည်။

**အောင်သန့်ခိုင်(မန်းကိုယ်ပွား)**

# ဝါတွင်းကာလ အဘိဓမ္မာမိတ်ဆက်သင်တန်း ဖွင့်လှစ်ပို့ချပေး

**ညောင်တုန်း အောက်တိုဘာ ၁**

ညောင်တုန်းမြို့တွင် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ကြီးမှူးဖွင့်လှစ်သော အဘိဓမ္မာမိတ်ဆက်သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက နိုင်ငံအေးဘုရားတွင်ကျင်းပသည်။

အနယ်နယ်အရပ်ရပ်မှ တရားရိပ်သာမဝင်နိုင်သူများ၊ မိသားစုတာဝန်ထမ်းဆောင်ရင်း၊ စီးပွားရေးလုပ်ကိုင်ရင်း တရားအားထုတ်နိုင်ရန်အတွက် ဆရာဦးမင်းခေါင်(ညောင်တုန်း)က ကုသိုလ်၊ အကုသိုလ်၊ အဝိဇ္ဇာ၊ တဏှာအရင်းခံအကြောင်းတရားများ၊ အဘိဓမ္မာအခြေခံအကြောင်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို အခမဲ့ဝါတွင်းကာလတွင် ဓမ္မဒါနပညာဒါနသင်ကြားပို့ချမည်ဖြစ်ပါ၍ အပတ်စဉ်အဖိတ်၊ ဥပုသ်နေ့များတွင် နိုင်ငံအေးဘုရားကြီးတွင် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချသင်ကြားမည်ဖြစ်ပြီး အဘိဓမ္မာတရားစိတ်ပါဝင်စားသူများ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

ဥတုရာသီ တောကိုမှီ၏

# ရန်ကုန်-ပြည်ရထားလမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်လျက်ရှိ

**ပြည် အောက်တိုဘာ ၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဌာနမှ ရထားစီးခရီးသည်များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ကြစေရေးအတွက် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-ပြည် ရထားလမ်းပိုင်းအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရန်ကုန်-ပြည်ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့မီးရထား အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၇) ရန်ကုန်နယ်မြေဖြစ်သော ရန်ကုန်-ပြည်လမ်းပိုင်းရှိ တည်းကုန်း-ဖြူကလေးဘူတာကြားဖြစ်သည့် ခရီးမိုင်အရှည် ၄၈ မိုင် လမ်းပိုင်းအား ယခင်သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ်ခြင်း၊ လမ်းခင်းကျောက်များဖြည့်တင်းခြင်း၊ သံလမ်းများကို ဂဟေဆက်၍ Welded Rails ဖြင့် ညက်ညောမှုရှိစေရန် ပြုပြင်ဆောင်ရွက်ခြင်းနှင့် လမ်းမြှောက်ပက်ကင်ရိုက်ခြင်းလုပ်ငန်းများကို လုပ်သားအင်အားများဖြင့် လည်းကောင်း၊ ခေတ်မီစက်ကိရိယာများဖြင့် လည်းကောင်း ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ ခုနှစ်မှ လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တည်းကုန်း- ဖြူကလေးလမ်းပိုင်းရှိ သစ်သားဇလီဖားတုံးများ နေရာ၌ ကွန်ကရစ်ဇလီဖားတုံး အရေအတွက် ၁၂၃၂၉၅ တုံးအား လဲလှယ်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပြီး ရထားလမ်းပိုင်းကြံ့ခိုင်ရေးအတွက် လမ်းခင်းကျောက် ဖြည့်တင်းခြင်းလုပ်ငန်းအရ ၁၇၅၇၂ ဒသမ ၈၁ ကျင်းအား ချယူဖြည့်တင်း ဆောင်ရွက်ပြီးစီးခဲ့ကာ သံလမ်းဂဟေဆက်ခြင်းအား ၅ ဒသမ ၈၁ မိုင် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်-ပြည်လမ်းပိုင်းရှိ ရထားလမ်းပိုင်း ကြံ့ခိုင်မှုအားနည်းသည့်နေရာများတွင် ALL TM စက်ကြီး ဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းအားလက်ရှိအနေအထားအရ မိုင် ၂၀ ဆောင်ရွက်ပြီးစီးခဲ့သည်။

အလားတူ ရန်ကုန်-မန္တလေး လမ်းပိုင်းအား ရထားလမ်းပိုင်းများ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်လျက်ရှိရာ တိုင်း(၇) ရန်ကုန်နယ်မြေဖြစ်သော ရန်ကုန်-ကော်ချဲလမ်းပိုင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းကျောက်များ ဖြည့်တင်းခြင်းလုပ်ငန်းအရ ကျင်းပေါင်း ၁၅၀၀ ဖြည့်တင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိ လမ်းခင်းကျောက်များ ဖြည့်တင်းခြင်းလုပ်ငန်းအရ ကျင်းပေါင်း ၁၀၇၄ ဒသမ ၂၆ ကျင်းအား ဖြည့်တင်းဆောင်ရွက်ပြီးစီးခဲ့ကာ ALL TM ပက်ကင်စက်ဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းအတွက် ၅၁ ဒသမ ၂၃ မိုင်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိ ၃၇ ဒသမ ၃၆ မိုင်အား ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ထို့အပြင် ရန်ကုန်-ပြည်ရထားလမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းရှိ ကြံ့ခိုင်မှုအားနည်းသည့်နေရာများအား ဆက်လက်အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါလမ်းပိုင်း နှစ်နေရာရှိ စုန်/ ဆန်ရထားပြေးဆွဲခြင်းများ အချိန်မှန်ကန်ရေးအတွက် မိုင်နှုန်းတိုးမြှင့်မောင်းနှင်နိုင်ရေးနှင့် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ကြစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားအင်ဂျင်နီယာမှူး (မြို့ပြ) တိုင်း(၇) ရန်ကုန်နယ်မြေမှ စုံစမ်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**



ရန်ကုန်-ဖြူကလေးကြားရှိ လမ်းပိုင်းတစ်နေရာ၌လက်ရှိ ALL TM စက်ဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

# ၂၀၁၅ အပြည်ပြည်ဆိုင်ရာ ဂီတဖျော်ဖြေပွဲတွင် ကမ္ဘာကျော်တေးသံရှင် ရက်ဒ်ဖူလာရောက်ဖျော်ဖြေမည်

အောက်တိုဘာလ ၄ ရက်တွင် ကျင်းပတော့မည့် ၂၀၁၅ အပြည်ပြည်ဆိုင်ရာဂီတဖျော်ဖြေပွဲ ( International Music Festival2015) ကို ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွန်းတင်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်က CentralHotel ၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်းဖျော်ဖြေပွဲသို့ ကမ္ဘာကျော်တေးသံရှင် ရက်ဒ်ဖူနှင့်အတူ မလေးရှားနိုင်ငံမှ DJ အဆိုတော်ဒါရန်အက်ရှလေ၊ မြန်မာနိုင်ငံမှ တေးသံရှင်အားတီနှင့် DJ-Yine တို့က ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကာ ဖျော်ဖြေပွဲမှ ရရှိသည့် ငွေကြေးများကို ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ဖျော်ဖြေပွဲစီစဉ်သူ တယ်ရီ တင်မ်က ပြောသည်။

ရက်ဒ်ဖူသည် အမေရိကန်လူမျိုး ရက်ပ်အဆိုတော်၊ အကပညာရှင်၊ တေးထုတ်လုပ်သူနှင့် ဒီဂျေပညာရှင်တစ်ဦးဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ကာ အနုပညာလှုပ်ရှားမှုများကို စတင်ခဲ့သူဖြစ်သည်။ သူသည် ယနေ့အချိန်အထိ ဟစ်ဟော့ပ်၊ ပေါ့ပ်၊ အီလက်ထရိုပေါ့ပ်နှင့် ဟောက်စ်အီးဒီအမ်စသည့် ဂီတအမျိုးအစားများကို ဖျော်ဖြေတင်ဆက်နေသူတစ်ဦးလည်း ဖြစ်သည်။

Polyphonic Music & Entertainment က စီစဉ်တင်ဆက်မည့် ယင်းဖျော်ဖြေပွဲတွင် Electro music ကို အဓိကထားတင်ဆက်မည်ဖြစ်သောကြောင့် ယခုကဲ့သို့ ကမ္ဘာကျော်အီလက်ထရိုတေးသံရှင်တစ်ဦးဖြစ်သည့် ရက်ဒ်ဖူ



ကို ကမ်းလှမ်းခဲ့ခြင်း ဖြစ်ကြောင်း တယ်ရီတင်မ်ကဆက်လက် ပြောကြားခဲ့သည်။

**ခင်ဇာလီ**

## လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးခိုင်မြဲစေရန် ဖျော်ဖြေပွဲကျင်းပ

လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးခိုင်မြဲစေရန် ဖျော်ဖြေပွဲတစ်ရပ်ကို စက်တင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းထောင့်ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတွင် ကျင်းပခဲ့သည်။

ငြိမ်းချမ်းရေး ဆက်လက်တည်တံ့စေရန်နှင့် မြန်မာနိုင်ငံအတွင်းလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအတွက် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းနှင့် ဟိန္ဒူလူငယ်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ကာ " Cultural Exchange for Sustaining Peace" ဖျော်ဖြေပွဲကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖျော်ဖြေပွဲတွင် ဟိန္ဒူရိုးရာအကများ၊ မြန်မာတိုင်းရင်းရိုးရာအကများ၊ တေးသီချင်းများ၊ ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ရတနာမြေ လူမှုဖွံ့ဖြိုးရေးအသင်းနှင့် ဟိန္ဒူလူငယ်များအသင်းတို့မှ လူငယ်များက ပါဝင်တင်ဆက်ခဲ့ကြသည်။

ရတနာမြေလူမှုဖွံ့ဖြိုးရေး အသင်းသည် ကျေးလက်ဒေသနှင့် တောင်တန်း ဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ရေကောင်းရေသန့်ရရှိရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် ဒေသအလိုက် လိုအပ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အသင်းတွင် မတူညီကွဲပြားသော ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့က ပါဝင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ **(ဝဝ၁)**

# စတစ်ပုံတွဲရိုက်ခွင့်မတောင်းဆိုဖို့ ပရိသတ်ကို တောင်းပန်ခဲ့တဲ့ဂျက်စတင်ဘီဘာ

အသက်အငယ်ဆုံးသော အောင်မြင်သည့် အနုပညာရှင်တစ်ဦးအဖြစ် အနုပညာခရီးကို စတင်နိုင်ခဲ့တဲ့ အမေရိကန်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက သူ့အနေဖြင့်ပရိသတ်နဲ့အတူတွဲကာ ဓာတ်ပုံရိုက်ရတာကို အလွန်ပဲ ငြီးငွေ့နေပြီဖြစ်တဲ့အတွက် သူနဲ့ဓာတ်ပုံတွဲရိုက်ခွင့်ကို မတောင်းဆိုကြဖို့ ပရိသတ်ကို တောင်းပန်လိုက်ပါ တယ်။

အသက် (၂၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဆိုတော်က တစ်ခါတလေ ပရိသတ်နဲ့အတူဓာတ်ပုံတွဲရိုက်ရတာ စိတ်မသက်မသာဖြစ်ရကြောင်း ဖွင့်ဟပြောဆိုခဲ့တဲ့ ဗွီဒီယိုကို စက်တင်ဘာ ၂၇ရက်တွင် အွန်လိုင်းမီဒီယာကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပြီး ပရိသတ်တွေကို သူနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ကို အတင်းအကျပ်မတောင်းဆိုဖို့လည်း သူရဲ့ လူမှုကွန်ရက်မီဒီယာမှာ ရေးသားဖော်ပြခဲ့ပါတယ်။



ဂျက်စတင်ဘီဘာက 'ကျွန်တော့်ဆီကို ပရိသတ်တွေချဉ်းကပ်လာတဲ့ အခြေအနေပုံစံပေါ် မူတည်ပြီး ကျွန်တော့်စိတ်မှာ ဓာတ်ပုံရိုက်ချင်တဲ့စိတ်၊ မရိုက်ချင်တဲ့စိတ်ဆိုတာ ဖြစ်ပေါ်လာခဲ့တယ်။ ကျွန်တော်တစ်နေရာရာကို သွားနေတဲ့အချိန်မှာ ပရိသတ်အနေနဲ့ ကျွန်တော့်ကိုဓာတ်ပုံရိုက်ဖို့ ခွင့်တောင်းခဲ့တဲ့အခါ ကျွန်တော် ရပ်တန့်မသွားဘဲ ဆက်လမ်းလျှောက်နေခဲ့မယ်ဆိုရင် အဲ့ဒါ ကျွန်တော်ပရိသတ်ကြီးနဲ့ ဓာတ်ပုံမရိုက်ချင်ဘူးလို့ဆိုလိုတယ်ဆိုတာကို နားလည်ပေးပါ။ ပရိသတ်တွေရဲ့ အော်ဟစ်နှုတ်ဆက်တဲ့အသံတွေကလည်း ကျွန်တော့်ကို ဓာတ်ပုံရိုက်ချင်တဲ့စိတ်မဖြစ်စေပါဘူး" လို့ ဆိုခဲ့ပါတယ်။

ဆက်လက်ပြီးသူက ကျွန်တော်နဲ့ ဓာတ်ပုံတွဲရိုက်ချင်တဲ့ ပရိသတ်ကြီးအနေနဲ့ ကျွန်တော်နဲ့ လာရောက်တွေ့ဆုံတာဟာ ကျွန်တော့်ကိုတွေ့ချင်တာလား၊ ကျွန်တော်နဲ့အတူတွေ့ခဲ့တယ်ဆိုတဲ့ အကြောင်း အခြားသူတွေကို ပြန်ပြောင်းပြောပြဖို့ အမှတ်တရတစ်ခုကို ပိုင်ဆိုင်ချင်တာလားဆိုတာ ပြန်စဉ်းစားကြည့်ပါလို့ ပရိသတ်ကို မေးခွန်းထုတ်ခဲ့ပါတယ်။

ထို့ပြင်သူက ဓာတ်ပုံအတူတွဲရိုက်ရတာထက် ပရိသတ်ကြီးနဲ့ အပြန်အလှန်စကားပြောရတာကို ပိုနှစ်သက်ကြောင်းလည်း ဆိုခဲ့ပါတယ်။

**အေးပြည့်**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂ - ၁၀ -၂၀၁၅ (သောကြာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း---)
- ၆း၂၀ "မဟော်သဓာ" (အပိုင်း-၁၄) (ဇာတ်သိမ်း) (ပထမပိုင်း)
- ၆း၃၅ "ခေါင်းကောင်းကောင်းနဲ့ ရွှေးကြစို့"
- ၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၂၇)
- ၈း၁၅ "ပြုံးသူမှာမျက်ရည်စတွေဝေ" (မင်းထက်၊ ကျော်ထူး၊ ဗေဒါ၊ ချမ်းမီမီကို) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "လွင့်သွားတဲ့တိမ်တစ်စ" (ရဲတိုက်၊ ဖွေးဖွေး) (ဒါရိုက်တာ-ဟိန်းစိုး)
- ၆း၁၅ AFC U-19 Championship Qualiafication (Group (G)) အုပ်စုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် အရှေ့တီမော အသင်း)

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၅ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ (Sanchi)
- ၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၁၀း၃၀ Head Line NEWS
- ၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
- ၁၁း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၁၁း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၂း၃၅ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၁း၀၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
- ၁း၃၀ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၁၇)
- ၁း၅၅ "ဖွားချို"
- ၂း၂၀ ထင်းအစားထိုးမီးဖိုများ
- ၃း၃၅ ပြည်သူတို့ရဲ့ စကားသံများ

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၈း၀၀ Cartoon Series (Welcome To Sky Ville)
- ၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၂)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ Food& Decor
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၃)
- ၁၂း၃၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ)
- ၁း၀၀ "ဒေါသပယ်ကြောင်းနည်းလမ်းကောင်း" တရားတော်[ဆရာတော်အရှင်ဥတ္တမ (သစ္စာရွှေစည်ဆရာတော်)]
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၀)
- ၃း၃၅ ရန်ကုန်မြင်ကွင်းကျယ်
- ၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၂)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၃)
- ၁၀း၁၀ Movie Talk [ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသော ပညာရှင်များ] (အပိုင်း-၁၁)
- ၁၀း၄၀ MRTV-4 Stage
- ၁၁း၀၅ World of Knowledge (Built For The Kill: Miniature)
- ၁၁း၅၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် (အသည်းပုံနှင်းဆီပန်းခြင်းနှင့် အပြာရောင် Paper လေးများဖြင့် နှင်းဆီအရှည်စည်းနည်း)
- ၄း၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ပေါ်တော်မူ မဟာဗောဓိစေတီတော်မြတ်ကြီး)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၄၀ မှတ်တမ်း
- ၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၇း၂၅ အမျိုးသားရေးတေးကဗျာ
- ၇း၃၀ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈း၅၀ မြဝတီနေ့စဉ်သတင်း
- ၉း၂၀ သူနှင့်သူ၏သီချင်းများ
- ၁၀း၅၉ အပိတ်နှုတ်ဆက်စကား
- ၄း၀၀ မြဝတီအဖွင့်
- ၄း၀၂ နိုင်ငံတော်သီချင်း
- ၄း၀၃ အဖွင့်သီချင်း
- ၄း၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
- ၄း၁၅ မျိုးချစ်တပ်မတော်
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ "ရွှာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၂၀) ဒါရိုက်တာ မိုးဇော်ကို
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

# ရီးယဲလ်နဲ့ သမိုင်းသစ်ရေးထိုး နိုင်ခဲ့တဲ့ စီရိုနယ်လ်ဒို



စီရိုနယ်လ်ဒိုဟာ ရီးယဲလ်က မယ်လ်မိုကိုနှစ်ဂိုး- ဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲမှာ အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူခဲ့ပြီးနောက် ရီးယဲလ်အတွက် စုစုပေါင်း သွင်းဂိုး ၃၂၃ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ရာအူးလ်ဂွန်ဇာလက်ဇ်ရဲ့ စံချိန်ကို အမီလိုက်နိုင်ခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက သူ့အနေနဲ့ ဒီလို ရာအူးလ် တင်ထားတဲ့စံချိန်ကို အမီလိုက်နိုင်ခဲ့တဲ့အပေါ် အင်မတန်ဂုဏ်ယူမိသလို နောက်ထပ် မြောက်မြားစွာသော သူ့ရဲ့သွင်းဂိုးတွေနဲ့ ရီးယဲလ်ကို အလုပ်အကျွေးပြုဦးမယ်လို့လည်း ကတိပြုပြောကြားခဲ့ပါတယ်။

ပေါ်တူဂီအသင်းခေါင်းဆောင်အနေနဲ့ ဒီပွဲမတိုင်မီယှဉ်ပြိုင်ခဲ့တဲ့ မာလာဂါနဲ့ ပွဲမှာကတည်းက ရာအူးလ်ရဲ့ စံချိန်ကို အမီလိုက်နိုင်ဖို့ အခွင့်အရေးတွေ အများအပြားရခဲ့ပေမယ့်လည်း ဂိုးသွင်းယူနိုင်ဖို့သာ စိတ်စောနေလို့ ဂိုးတစ်ဂိုးမှ မသွင်းနိုင်ခဲ့ဘဲ ဖြစ်ခဲ့ရတာပါ။


စီရိုနယ်လ်ဒိုက ပွဲချိန် ၂၉ မိနစ်မှာ အစ္စကိုရဲ့ပေးပို့မှုကနေတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး မိနစ် ၉၀ အရောက်မှာတော့ ရာအူးလ်ရဲ့ စံချိန်ကိုလိုက်မီနိုင်မယ့် သွင်းဂိုးတစ်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ထူးခြားချက်တစ်ခုကတော့ ရာအူးလ်ဟာ ပွဲပေါင်း ၇၄၁ ပွဲကစားပြီးချိန်မှ ရရှိတဲ့ စံချိန်ကို စီရိုနယ်လ်ဒိုက ၃၀၈ပွဲကစားရုံနဲ့ ချိုးဖျက်နိုင်တာကြောင့် စီရိုနယ်လ်ဒိုရဲ့ ဂိုးသွင်းစွမ်းရည်ဟာ ရာအူးလ်ထက် နှစ်ဆခွဲလောက်သာတယ်လို့ အားကစားကျွမ်းကျင်ပညာရှင်တွေက သုံးသပ်ပေးထားပါတယ်။

စီရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့နှစ်ကပဲ ရာအူးလ်တင်ထားတဲ့ ချန်ပီယံလိဂ် သွင်းဂိုး ၆၆ ဂိုးစံချိန်ကို ချိုးဖျက်နိုင်ခဲ့ပြီးနောက်မှာ အခုဆို သူ့ရဲ့ ချန်ပီယံလိဂ်သွင်းဂိုးက ၈၂ ဂိုးအထိရှိနေပြီဖြစ်တဲ့အတွက် မက်ဆီထက် ငါးဂိုးအသာနဲ့ ချန်ပီယံလိဂ်ထာဝရ သွင်းဂိုးအများဆုံး စံချိန်ရှင်အဖြစ် ရပ်တည်နေပါတယ်။

မေလဲ့သင်း

# အင်္ဂလန်အသင်း၏ ကစားသမားစာရင်းတွင် စတားရစ် ပါဝင်လာခဲ့ခြင်းမရှိခဲ့



ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး စတားရစ်သည် အက်စ်တိုးနီးယားအသင်း၊ လစ်သူရေးနီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်အသင်း၏ ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင် ပါဝင်လာမည် မဟုတ်ကြောင်းသိရသည်။

သို့ရာတွင် စပါးကွင်းလယ်ကစားသမား ဒီလီအယ်လ်လီနှင့် လီဗာပူးတိုက်စစ်မှူး ဒန်နီအင်မ့်တို့မှာမူ အင်္ဂလန်အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။ လီဗာပူးတိုက်စစ်မှူး စတားရစ်မှာမူ လီဗာပူးအသင်းက အက်စ်တွန်ဗီလာအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အင်္ဂလန်အသင်း၏ ပွဲထွက်ကစားသမားစာရင်းတွင် မပါဝင်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား ဂရီးလစ်ရှ်မှာမူ အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်ပါဝင်လာခဲ့သော်လည်း အင်္ဂလန်အသင်း၏ အက်စ်တိုးနီးယားအသင်း၊ လစ်သူရေးနီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များတွင် ပါဝင်လာရန်မသေချာခဲ့ကြောင်း သိရသည်။ သို့သော် အင်္ဂလန်အသင်းသည် ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပွဲစဉ်တွင် ပါဝင်လာရန် သေချာခဲ့ပြီဖြစ်သည်။ [ငွေကြယ်]

# မန်စီးတီး ကံကောင်း၍သာနိုင်ခဲ့ဟု ပယ်လီဂရီနီ ဝန်ခံ



မန်စီးတီးနှင့် မိုချန်ဂလာဘတ်တို့ ယှဉ်ပြိုင်ခဲ့သော ချန်ပီယံလိဂ်အုပ်စုပွဲစဉ်၌ မန်စီးတီးအနေဖြင့် ခြေစွမ်းကောင်းမွန်သည်ထက် ကံကောင်း၍သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု မန်စီးတီးနည်းပြ ပယ်လီဂရီနီက ဝန်ခံပြောကြားခဲ့သည်။

မန်စီးတီးသည် ယင်းပွဲစဉ်ကို ဂျာမနီမြေတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ပွဲချိန် ၅၄ မိနစ်၌ ဂလာဘတ်အသင်းမှ ဒယ်လ်၏ ဦးဆောင်ဂိုးကို ခွင့်ပြုခဲ့ရသော်လည်း ၆၅ မိနစ်တွင် အော့တမန်ဒီက မန်စီးတီးအတွက် ချေပဂိုးတစ်ဂိုးပြန်လည် သွင်းယူနိုင်ခဲ့သည်။

သို့သော်ပွဲချိန်မိနစ်၉၀တွင် တိုက်စစ်မှူး အဂူရိုက မန်စီးတီးအတွက် အဖိုးတန်အနိုင်ဂိုးကို ပင်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ရာ ပယ်လီဂရီနီက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပယ်လီဂရီနီက" ကျွန်တော်တို့ ဂျူဗင်တပ်နဲ့ ဝက်စ်ဟမ်းတို့ကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာ ကောင်းကောင်းမကစားနိုင်ခဲ့ဘဲ ရှုံးပွဲလည်း ကြုံခဲ့ရတယ်။အမှန်အတိုင်းဝန်ခံရရင် အခုပွဲမှာလည်း ကောင်းကောင်းမကစားနိုင်ခဲ့ပေမယ့် ကံကောင်းပြီးတော့ ကျွန်တော်တို့ နိုင်ပွဲရခဲ့တယ်" ဟုဆိုခဲ့သည်။

မန်စီးတီးသည်ပရီမီယာလိဂ်၌ စပါးနှင့် ဝက်စ်ဟမ်းတို့အား ရှုံးနိမ့်ခဲ့သလို ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း ဂျူဗင်တပ်အား ထပ်မံအရေးနိမ့်ခဲ့ရာ ယခုပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သော ပွဲစဉ်သုံးပွဲစလုံးတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။မန်စီးတီးသည် ယခုနိုင်ပွဲကြောင့် ချန်ပီယံလိဂ်အမှတ်ပေးဇယားအဆင့် (၃)နေရာတွင် ရပ်တည်လာနိုင်ခဲ့ပြီး ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ရန် မျှော်လင့်ချက်အနည်းငယ်ရှင်သန်ခိုင်မာလာခဲ့ပြီဖြစ်သည်။

[မေလဲ့သင်း]

# စပိန်လာလီဂါ ရင်ခုန်သံ (ဂ)

**စပိန်လာလီဂါပွဲစဉ် (၆) မှာ ရီးယဲလ်မက်ဒရစ်ဟာ မာလာဂါနဲ့ ဂိုးမရှိသရေကျခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးကနေ ဆင်းပေးခဲ့ရတယ်။ ဒီတစ်ပတ် အောက်တိုဘာ ၃၊ ၄၊ ၅ ရက်တွေမှာ ကစားမယ့် ပွဲစဉ် (၇) မှာလည်း ရီးယဲလ်မက်ဒရစ်ဟာ မြို့ခံပြိုင်ဘက် အက်သလက်တီကိုနဲ့ ဆုံတွေ့နေရတာကြောင့် နိုင်ပွဲပြန်ရရေး ရုန်းကန်ရမယ့် အခြေအနေမှာရှိနေတယ်။**



**ဆယ်တာဗီဂို - ဂီတာဖေး** **နံနက် ၁း၀၀ (၃-၁၀-၂၀၁၅)**

ဒီရာသီမှာ ရှုံးပွဲမရှိသေးတဲ့ ဆယ်တာဗီဂိုခြေက ကောင်းမွန်မှုရှိတယ်။ အိမ်ကွင်း နောက်ဆုံးပွဲမှာဆိုရင် ဘာစီလိုနာကိုတောင် ဂိုးပြတ်ရခဲ့တယ်။ ဂီတာဖေးရဲ့ ခြေစွမ်းပိုင်းကတော့ သာမန်အောက် ရောက်နေသလို တိုက်စစ်ကစားပုံ အားနည်းမှုတွေများတယ်။ အိမ်ကွင်းမှာ ဆယ်တာဗီဂိုတို့ ကပ်ပြီး အနိုင်ရသွားမှာပါ။

**ဆီဗီလာ - ဘာစီလိုနာ** **ည ၈း၃၀(၃-၁၀-၂၀၁၅)**

မက်ဆီဒဏ်ရာရရှိသွားခြင်းက ဘာစီလိုနာတိုက်စစ်ကို အားလျော့စေနိုင်တယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဘာစီလိုနာရဲ့ ကစားဟန်ကလည်း ထင်သလောက်ကောင်းမွန်မှု မရှိဘူး။ ဆီဗီလာက လက်ရှိအချိန်မှာ ခြေမငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းအားနဲ့ ခံကစားမှာ သေချာတယ်။ ဘာစီလိုနာအနိုင်ရမယ်ဆိုရင်တောင် မပြတ်သားဖို့ သေချာတယ်။

**ဂရန်နာဒါ- ဒီပို့တီဗို** **ည ၁၀း၄၅(၃-၁၀-၂၀၁၅)**

ဂရန်နာဒါရဲ့ ခြေစွမ်းပိုင်းက အားနည်းလွန်းတယ်။ နောက်ဆုံးလေးပွဲဆက်တိုက်ရှုံးပွဲ ကြုံတွေ့ခဲ့ရပြီး အဆိုပါ လေးပွဲမှ တစ်ဂိုးသာသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းကလည်း ညံ့လွန်းတယ်။ ဒါကြောင့် ခြေစွမ်းမဆိုးတဲ့ ဒီပို့တီဗိုကို ထိန်းချုပ်ဖို့ ခက်ခဲမှုတွေရှိလာမှာသေချာတယ်။ ဂိုးပြတ်ဖို့ ခက်ခဲပေမယ့် ဒီပို့တီဗိုပဲ နိုင်ပွဲရမယ်။

**အက်စ်ပန်ညို - ဂီဂျွန်** **နံနက် ၁း၀၀(၄-၁၀-၂၀၁၅)**

ဂီဂျွန်ရဲ့ခြေစွမ်းက သာမန်ထက်လုံးဝမပိုပါဘူး။ အထူးသဖြင့် ထိုးစစ်ပိုင်းက တစ်ပွဲတစ်ဂိုးသွင်းယူနိုင်ဖို့အတွက်တောင် ခက်ခဲမှုတွေရှိနေပါတယ်။ အက်စ်ပန်ညိုကတော့ အခုနောက်ပိုင်းကစားပုံမဆိုးသလို ရလဒ်ကောင်းဖို့ အိမ်ကွင်းမှာ အားစိုက်လာဖို့လည်း ရှိနေပါတယ်။ အက်စ်ပန်ညိုကသာ အိမ်ကွင်းနိုင်ပွဲရသွားမှာပါ။

**လက်စ်ပဲမက် - အီဘား** **နံနက် ၂း၃၀(၄-၁၀-၂၀၁၅)**

ဒီရာသီမှာ ဆီဗီလာတစ်သင်းတည်းကိုသာ နိုင်ထားတဲ့ လက်စ်ပဲမက်ဟာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကအစ သာမန်ထက်မပိုပါဘူး။ အီဘားက နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်မရခဲ့ဘူးဆိုပေမယ့် အက်သလက်တီကို တစ်သင်းတည်းကို ရှုံးထားတာကို ကြည့်ရင် ခံကစားအားကောင်းတာ မြင်သာတယ်။ လက်စ်ပဲမတ်စ် အမြင့်ဆုံးသရေပါ။

**မာလာဂါ - ဆိုစီဒက်** **နံနက် ၂း၃၅ (၄-၁၀-၂၀၁၅)**

မာလာဂါဟာ ပွဲစဉ်ခြောက်မှာ ရီးယဲလ်ကို သရေကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းညံ့ခဲ့ပြီး ရီးယဲလ်အဆုံးသတ် မသေချာလွန်းလို့သာ သရေရခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် မာလာဂါတို့ပိုမိုအားစိုက်လာဖို့ရှိနေသလို ဆိုစီဒက်ရဲ့ခြေကလည်း အခုအချိန်အထိ မတည်ငြိမ်သေးပါဘူး။ မာလာဂါတို့ ကပ်နိုင်သွားဖို့ရှိပါတယ်။

**ဗယ်လီကာနို - ဘက်တစ်** **ညနေ ၄း၃၀ (၄-၁၀-၂၀၁၅)**

ဗယ်လီကာနိုရဲ့ ခြေစွမ်းကမတည်ငြိမ်ပါဘူး။ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေမငြိမ်တာတွေ့ရပါတယ်။ ဒါပေမယ့်လည်း ဘက်တစ်က တိုက်စစ်ကစားပုံအားနည်းလွန်းပြီး အသင်းလိုက်ကစားပုံကလည်း ဗယ်လီကာနိုထက်တောင် ပိုအားနည်းပါတယ်။ ဘယ်လီကာနိုကွင်းလည်းဖြစ်လို့ ဗယ်လီကာနိုပဲ အနိုင်ရမှာပါ။

**ဘီဘာအို- ဗလန်စီယာ** **ည ၈း၃၀ (၄-၁၀-၂၀၁၅)**

ဂရန်နာဒါကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ဗလန်စီယာခြေပြန်ပြီးကောင်းလာပြီလို့ မဆိုနိုင်ပါဘူး။ အထူးသဖြင့် လာလီဂါပွဲတွေမှာ ဗလန်စီယာရဲ့ ထိုးစစ်ဟာအဆုံးသတ် အားနည်းပါတယ်။ ဒါပေမယ့် ဘီဘာအိုရဲ့ခြေကလည်း ပျက်ယွင်းနေတာကြောင့် ဗလန်စီယာတို့ အခွင့်အရေးရနိုင်ပြီး တစ်ဂိုးအသာလောက်နဲ့ အနိုင်ရမှာပါ။

**လီဗန်တေး - ဗီလာရီးယဲလ်** **ည ၁၀း၄၅ (၄-၁၀-၂၀၁၅)**

ဗီလာရီးယဲလ်ခြေက ဒီရာသီမှာအကောင်းဆုံးဖြစ်နေပါတယ်။ ပွဲစဉ် ခြောက်မှာ အက်သလက်တီကို ကိုတောင် အနိုင်ရခဲ့သလို အမှတ်ပေးဇယားထိပ်ဆုံးကိုရောက်နေပါတယ်။ ခံစစ်ကစားပုံကလည်း ကျစ်လျစ်မှုရှိတဲ့အတွက် လီဗန်တေးရဲ့ အိမ်ကွင်းအားကို ဗီလာရီးယဲလ်တို့ထိန်းချုပ်နိုင်မှာပါ။ လီဗန်တေးခြေအားနည်းလို့လည်း ဗီလာရီးယဲလ်ပဲအနိုင်ရမယ်။

**အက်သလက်တီကို - ရီးယဲလ်** **နံနက် ၁း၀၀ (၅-၁၀-၂၀၁၅)**

မာလာဂါနဲ့ သရေကျခဲ့ရတာကြောင့် ရီးယဲလ်တို့အားစိုက်လာမှာဖြစ်သလို ဗီလာရီးယဲလ်ကို ရှုံးနိမ့်ခဲ့ရတဲ့ အက်သလက်တီကိုကလည်း အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိအချိန်မှာ ဒီနှစ်သင်းရဲ့တည်ငြိမ်မှုဟာ မကွာဟပေမယ့် အက်သလက်တီကိုက အိမ်ကွင်းမှာ ရီးယဲလ်ကို အခက်တွေ့စေတတ်တာသတိပြုရမှာပါ။ ဒီပွဲမှာလည်း ရီးယဲလ်တို့ နိုင်ပွဲရဖို့ခက်မယ်။

[ရှိုင်းမင်းမင်း]

## မြဝတီမြို့ မူလတန်းကျောင်း၌ အာဟာရနွားနို့တိုက်ကျွေး

**မြဝတီ အောက်တိုဘာ ၁**

မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ၊ နွားနို့သောက်သုံးခြင်း အလေ့အထရှိလာစေရန်၊ အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားပြီး ကျန်းမာသန်စွမ်းစေရန်အတွက် အာဟာရနို့တိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၉ ရက်က မြဝတီမြို့ အခြေခံပညာမူလတန်းကျောင်း(မြေနီကုန်း) တွင် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အဆိုပါ နွားနို့တိုက်ကျွေးခြင်း အခမ်းအနားတွင် မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းမြင့်၊ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမင်းဝင်းအောင်နှင့် ဝန်ထမ်းများ၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ နို့စားနွားမွေးမြူရေးလုပ်ငန်း အလှူရှင် ဦးဇော်မြင့်နှင့် ဒေါ်ဝေမိသားစု၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူ ၁၉၀ တို့အား အာဟာရနွားနို့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မုံရွာ–ရွှေဘို ခရိုင်ချင်းဆက်လမ်းဖောက်လုပ်နေမှု ပြီးစီးတော့မည်

**အရာတော် အောက်တိုဘာ ၁**

မုံရွာ-ရွှေဘို ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ခြင်းကြောင့် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာများမှ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်သန်းရောင်းဝယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ခရိုင်ချင်းဆက်လမ်းများ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့နှင့် ၆၄ မိုင် ကွာဝေးသော ရွှေဘိုမြို့သို့ သွားရောက်လျှင် အရာတော်မြို့နယ်နှင့် ဝက်လက်မြို့နယ်ကို ဖြတ်သန်းပြီးသွားပါက အချိန်နှစ်နာရီခွဲမျှကြာမြင့်သည်ဟု သိရသည်။

ယခုအခါ မုံရွာမြို့နယ်မှ အရာတော်မြို့နယ်၊ ရွှေဘိုမြို့နယ်၊ မူးကမ်းကြီးကျေးရွာဖြတ်လမ်း အရှည် ၂၂ မိုင် ၃ ဖာလုံရှိသော မြေသားတင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှု၊ မြို့နယ်လမ်းဦးစီးဌာနကြီးကြပ်မှု၊ ကုမ္ပဏီတို့ဖြင့်ပူးပေါင်းဆောင်ရွက်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်၍ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ခရိုင်လမ်းဦးစီးဌာန အင်ဂျင်နီယာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ထွေးငယ်မြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အင်ဂျင်နီယာ ဦးစီးအရာရှိ (မြို့ပြ) ဦးလွင်မျိုးသန့်နှင့် တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယခုအခါ ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှု ပြီးစီးတော့မည်ဖြစ်၍ ထိုလမ်းကို အသုံးပြု၍ ခရိုင်ချင်းဆက်လမ်းဘေးကျေးရွာဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ယခင်ကထက် ပိုမိုကောင်းမွန်လာတော့မည်ဖြစ်၍ ဒေသခံပြည်သူများ ထွက်ကုန်များ မြို့များသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်မည်ဖြစ်သည်။

**မြို့နယ်ပြန်/ဆက်**

## တူးမြောင်းဖြတ်ကျော် သံကူကွန်ကရစ်တံတား ထန်းတပင်မြို့နယ်တွင် တည်ဆောက်နေ

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အနောက်ပိုင်တက္ကသိုလ်လမ်းမကြီးပေါ်ရှိ တူးမြောင်းဖြတ်ကျော် သံကူကွန်ကရစ်တံတားအား စက်တင်ဘာ ၂၉ ရက်က လူအင်အား၊ စက်အင်အားဖြင့် ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါတံတားများ တည်ဆောက်ရာတွင် မူလရှိသည့် သစ်သားတံတားလေးစင်းဖြစ်၍ ယိုယွင်းပျက်စီးသွားခဲ့ရာ တာဝန်ရှိသူများနှင့် ဒေသခံများက သစ်သားအစားထိုး ပြုပြင်ခဲ့ကြသော်လည်း ရေရှည်တည်တံ့ခိုင်မြဲမှုမရှိခြင်းကြောင့် တံတားလေးစင်းရှိသည့်အနက် တံတားနှစ်စင်းအား သံကူကွန်ကရစ်တံတားကြီးအဖြစ် တည်ဆောက်ပြီးစီးခဲ့သည်။

ကျန်ရှိသည့် တံတားနှစ်စင်းအား လက်ရှိပြုလုပ်လျက်ရှိရာ မြို့နယ်အသီးသီးတွင် နေထိုင်လျက်ရှိသော အများပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ညွှန်ကြားမှုဖြင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဦးစီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထန်းတပင်တစ်မြို့နယ်လုံးရှိ ချောင်းကူး၊မြောင်းကူး၊ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီအမြန်ဆုံးပြီးစီးရန် ဆောင်ရွက်လျက်ရှိပြီး နှစ်ရှည်တည်တံ့ခိုင်ခံ့ စွမ်းရည်မြင့် သံကူကွန်ကရစ်တံတားအဖြစ် ရေရှည်အသုံးပြုနိုင်စေရန် မြို့တော်စည်ပင်မှ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

**စိုင်းလင်းဇော်(လှိုင်သာယာ)**



## ယခုနှစ်၌ စိုက်ပျိုးသီးနှံများ ဈေးကောင်းရသော်လည်း လုပ်သားရှားပါးနေ

**နေပြည်တော် အောက်တိုဘာ ၁**

ယခုနှစ်တွင် စိုက်ပျိုးသီးနှံများ ဈေးကောင်းရသော်လည်း စိုက်ခင်းအတွက် အလုပ်သမားရှားပါးလာခြင်းကြောင့် စိုက်ပျိုးသူများ တွက်ခြေမကိုက်ကြကြောင်း စိုက်ပျိုးသူအများစုကပြောသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ စိုက်ပျိုးသီးနှံများ ဈေးကောင်းရသော်လည်း နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ လယ်ယာလုပ်ငန်းများနှင့် တောင်ယာလုပ်ငန်းများတွင် လုပ်သားရှားပါးခြင်းများ ရှိလာ၍ ထင်သလောက် မစိုက်ပျိုးနိုင်ဘဲရှိကာ စိုက်ပျိုးသူများအတွက် တွက်ခြေမကိုက်ကြကြောင်း ၎င်းတို့က ပြောသည်။

လုပ်သားများမှာ အလုပ်သမား ရှားလာသည်ကို အကြောင်းပြု၍ ၎င်းတို့၏ နေ့စားလုပ်အားခကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်တောင်းလာခြင်းကြောင့် တောင်သူများမှာ တိုးမြှင့်၍ မပေးနိုင်ခြင်းကြောင့် လုပ်သားငှားရမ်းမှုနည်းကာ စိုက်ပျိုးမှုအထွက်နှုန်းများလည်း ကျလာသည်။

သို့သော် လုပ်သားငှားရမ်းသူများအနေဖြင့်လည်း ငှားရမ်းမှုအတွက် တွက်ခြေကိုက်အောင် သီးနှံများစိုက်ပျိုးရာတွင် တခြားသီးနှံများနှင့်ပါ တွဲဖက်စိုက်ပျိုးမှုများရှိကြောင်း စိုက်ပျိုးသူများက ပြောသည်။

“နေ့စားအလုပ်သမားကို အခုဒီနှစ်မှာ ကျပ် ၃၅၀၀ ပေးရတယ်။ ဒီထက်လည်း တိုးပေးရရင်မကိုက်ဘူး။ သူတို့ ထမင်းနဲ့ သူတို့လာဆင်းကြတယ်။ ဦးတို့က ကော်ဖီလေး မုန့်လေးကျွေးရုံပါပဲ။ အခု ဦးဆိုရင် ငှက်ပျောကို အဓိကထားစိုက်တယ်။ ငှက်ပျောပင်ကို ပေါင်းသင်ဖို့အတွက်ပေ့ါ။ ငှက်ပျောကြားမှာ ငရုတ်၊ သခွားတွေ ရောစိုက်တယ်။ ငရုတ်၊ သခွားက သူတို့အတွက် နေ့စားခထွက်အောင်စိုက်ထားရတာ။ ဒါတောင်သီးနှံဈေးကျရင် မကိုက်ဘူး”ဟု ဇေယျာသီရိမြို့နယ်မှ တောင်သူဦးမောင်မြင့်က ပြောသည်။

“ကျွန်တော့်အနေနဲ့က လူငှားမခေါ်နိုင်ပါဘူး။ ကိုယ့်မိသားစုနဲ့ တစ်ပိုင်တစ်နိုင်ပဲ လုပ်တော့တယ်။ ဒီနယ်မြေမှာက မြေနေရာတွေ ရှိသေးတယ်။ တတ်နိုင်ရင် လုပ်သားငှားပြီးလုပ်ရင် ကိုယ့်ချဲ့ရင်ချဲ့နိုင်သလောက် စိုက်နိုင်ရင် စိုက်နိုင်သလောက် စိုက်ပျိုးနိုင်တယ်။ အခု လုပ်သားကလည်းရှားတယ်။ ရှားတော့ ရှိတဲ့သူကို ဈေးတိုးပြီး အပြိုင်အဆိုင်ခေါ်ရတော့ မကိုက်တော့ဘူး။ ခုတော့ပြတ်တယ်။ ကိုယ့်နိုင်သလောက်ပဲလုပ်တယ်။ ဒါပေမယ့် ဒီနှစ်မှာ ရေကြီးလို့လားမသိဘူး။ သီးနှံဈေးတွေ ကောင်းတော့ ကျွန်တော်တို့ နည်းနည်း မချင့်မရဲ ဖြစ်နေရတယ်”ဟု ကျောက်ဖျာရွာသား ကိုစိုးက ပြောသည်။

အလုပ်သမားများမှာ တမြန်နှစ်က ကျပ် ၂၀၀၀ ဝန်းကျင်ရှိခဲ့ရမှာ ပြီးခဲ့သည့်နှစ်တွင် နေ့စားတစ်ဦးလျှင် ကျပ် ၂၅၀၀၊ ယခုနှစ်တွင် ကျပ် ၃၅၀၀ အထိ ဈေးနှုန်းရရှိခဲ့ပြီး ထိုထက်တိုးရရှိရန်ကြိုးစားနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ နေ့စားဘောက်လုပ်သားများမှာ တောင်ယာလုပ်သားများ၊ လယ်ယာလုပ်သားများနှင့် သီးနှံခူးဆွတ်ချိန်တွင် သီးနှံခူးဆွတ်သည့် အလုပ်များလုပ်ကိုင်ကြပြီး ယခုနှစ်များတွင် လမ်းလုပ်ငန်းများ ပေါ်လာ၍ အလုပ်အကိုင်ပေါများလာခြင်းကြောင့် လုပ်သားများမှာ အလုပ်ရွေးလုပ်ကိုင်ကြကြောင်း လုပ်သားတစ်ဦးကပြောသည်။

“လမ်းလုပ်ငန်းတွေပေါ်လာတော့ လနဲ့ချီပြီးလည်း အလုပ်ရသေးတယ်။ ရွာတွေမှာ သီးနှံခူးတာ၊ မြေပေါင်းသင်တာတို့ဆို ကျပ် ၂၅၀၀ လောက်ပဲရတယ်။ လမ်းအလုပ်ကျတော့ သူတို့က အလုပ်သမားလာအောင်လို့ ငွေကို တိုးပေးတယ်။ တိုးပေးရင်းနဲ့ တစ်ဦးကို ကျပ် ၃၅၀၀ လောက်ဖြစ်သွားတယ်။

“ရွာထဲက လယ်ရှင်၊ ယာရှင်တွေကတော့ ဒီထက်တိုးမပေးနိုင်ဘူးပြောတယ်။ တိုးပေးရင်တော့ ကိုယ့်ရွာထဲပဲလုပ်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘက်က ကြည့်မယ်ဆို ဘောက်လုပ်ငန်းက ဘယ်နေ့ အလုပ်မရှိဖြစ်မယ်မသိဘူး။ နောက်ပြီး ဒီခေတ်ကုန်ဈေးနှုန်းနဲ့ လူတစ်ဦးကို ဒီလောက်မှ မရရင်လည်း ကျွန်တော်တို့အတွက်လည်း မကိုက်ပါဘူး”ဟု ဇေယျာသီရိနယ်မြေက ဘောက်လုပ်ငန်းများလုပ်ကိုင်နေသူ ကိုမင်းက ပြောသည်။

ယင်းနယ်မြေအတွင်းမှ လယ်လုပ်ငန်းလုပ်ကိုင်သူများနှင့် တောင်ယာလုပ်ငန်း လုပ်ကိုင်သူများက လုပ်သားရှားပါးလာခြင်းကြောင့် စက်ကိရိယာကြီးများဖြင့် လုပ်ကိုင်ခွင့်ရပါက လုပ်ကိုင်ချင်ကြောင်း ၎င်းတို့၏အမြင်ကို ပြောသည်။

**ရှင်မင်းနွယ်**



## ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး အခမဲ့စစ်ဆေး

**မန္တလေး အောက်တိုဘာ ၁**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါကုဌာနနှင့်ဆေးကုမ္ပဏီများ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင် စာသင်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အထက်မြန်မာပြည်ဆေးရုံများ ကြီးကြပ်ကွပ်ကဲရေးမှူး ဒေါက်တာမောင်ဝင်းနှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးအထူးကုဌာနပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါက်တာထွန်းရွှေတို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးအထူးကုဌာနတွဲဖက် ပါမောက္ခ ဒေါက်တာမြင့်ငွေက အဝလွန်ရောဂါအကြောင်း ပညာပေးဟောပြောခဲ့သည်။ နှလုံးအထူးကုဆရာဝန် ဒေါက်တာခင်သန္တာဝင်းက နှလုံးကျန်းမာရေးနှင့် အစားအသောက်နေထိုင်မှု ပုံစံများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ နှလုံးကျန်းမာရေးနှင့်ပတ်သက်သည့် မေးမြန်းချက်များကို နှလုံးအထူးကုဌာနပါမောက္ခ၊ ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်နှင့် နှလုံးအထူးကုဆရာဝန်များက ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများအား ကံစမ်းမဲနှိုက်၍ တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသူများအား သွေးပေါင်ချိန်ခြင်း၊ ကိုယ်တွင်းအဆီပါဝင်မှုစစ်ဆေးပေးခြင်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ဗျတ္တပန်းဆက်လမ်းတစ်လျှောက်တွင် ဘုရားဖူးယာဉ်များထံမှ ငွေကြေးတောင်းခံမှုကြောင့် ယာဉ်အန္တရာယ်ရှိနေ

**ညောင်ဦး အောက်တိုဘာ ၁**

ညောင်ဦး - ပုပ္ပားသို့ ယခုအချိန်တွင် ဘုရားဖူးဧည့်သည်များ ဘိုးတော်ထွက်ပွဲအထိမ်းအမှတ် အနေဖြင့် လာရောက်သူများပြားလျက်ရှိရာ အဆိုပါ ဘုရားဖူးပြည်သူများ၏ မော်တော်ယာဉ်များထံမှ ဗျတ္တပန်းဆက်လမ်းတစ်လျှောက် အနီးဝန်းကျင်ရှိကျေးရွာများမှ လူကြီး၊ လူငယ်၊ ကလေးများမကျန် ငွေကြေးတောင်းခံမှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်နိုင်ကြောင်း အဆိုပါ ဘုရားဖူးယာဉ်မောင်းများက ပြောသည်။

ထိုသို့ ဗျတ္တပန်းဆက်လမ်းတစ်လျှောက်တွင် လူကြီး၊ လူငယ်၊ ကလေးများသည် ဘုရားဖူးမော်တော်ယာဉ်များထံမှ တစ်ရက်လျှင်ငွေကျပ် ၅၀၀၀၊ ၁၀၀၀၀ ရရှိနေ၍ အသက်အန္တရာယ်ဖြစ်မည်ကိုမမြင်ဘဲ အပြိုင်လုယက်ပြီး ငွေကြေးတောင်းရမ်းနေမှုမှာ ပုပ္ပားဘိုးတော်ထွက်ရပ်ပွဲချိန်ရောက်တိုင်း နှစ်စဉ်နှစ်တိုင်းလိုလိုဖြစ်နေကြောင်း အဆိုပါယာဉ်မောင်းက ပြောသည်။

“ပိုက်ဆံကို လွယ်လွယ်ရတယ်ထင်ပြီး ကလေးတွေသာမက လူကြီးတွေကလည်း အသိတရားဆင်ခြင်မှုမဲ့စွာနဲ့ ကလေးတွေကို မဆုံးမတဲ့အပြင် သူတို့ကိုယ်တိုင်က ကလေးတွေနဲ့အပြိုင် ငွေတောင်းနေတာက အန္တရာယ်ကိုဖိတ်ခေါ်သလိုဖြစ်နေတယ်။ နောက်ပြီး ဘုရားဖူးဧည့်သည်တွေအတွက်လည်း ယာဉ်တိုက်မှုအန္တရာယ်ဖြစ်မှာကို စိုးရိမ်နေရတဲ့အတွက် ငွေကြေးတောင်းခံနေမှုတွေကို မပြုလုပ်သင့်ပါဘူး”ဟု ဘုရားဖူးဧည့်သည်တစ်ဦးက အကြံပြုပြောပြသည်။

သို့ဖြစ်၍ ယခုကဲ့သို့ ငွေကြေးတောင်းရမ်းမှုများကြောင့် မလိုလားအပ်သည့် ဆိုးကျိုးများဖြစ်လာနိုင်သည့်အတွက် ဘုရားဖူးလာရောက်ကြသည့် ခရီးသွားပြည်သူများအနေဖြင့် ငွေကြေးတောင်းရမ်းသူများကို အားမပေးသင့်ကြောင်း ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်**(IPRD)

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၂၁) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ဝ - ၄၇၇၅၂၄

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ပ - ၇၇၀၀၃၃ ဃ - ၉၄၁၈၃၃

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

က - ၁၅၅၂၁၅
ရ - ၂၃၆၂၄၃
ရ - ၂၈၀၈၄၇
ဋ - ၈၈၁၉၃၇
ခ - ၈၉၄၈၄၄

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဋ - ၂၄၂၈၆၉
တ - ၄၃၂၆၆၆
ည - ၄၈၃၁၇၁
ကခ - ၅၄၄၃၇၀
န - ၈၁၂၀၂၃
ဗ - ၈၃၄၂၈၃

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ကဃ - ၂၆၄၂၈၇
ကင - ၃၃၁၁၈၇
တ - ၃၇၅၀၄၈
ဇ - ၆၈၄၁၈၃
မ - ၆၈၈၅၃၇
ဂ - ၉၅၈၄၆၀
မ - ၉၇၈၃၇၅

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ရ - ၁၃၉၀၃၂ | ဍ - ၃၅၃၀၈၀ | ဗ - ၆၃၈၅၂၈ | ဏ - ၈၄၈၈၀၃ |
| ရ - ၁၄၆၆၈၉ | ဘ - ၃၅၄၈၆၉ | ထ - ၆၄၉၄၀၇ | တ - ၈၇၇၂၁၉ |
| င - ၁၈၈၄၇၉ | အ - ၄၄၂၄၀၀ | ဗ - ၆၈၀၂၆၇ | ဍ - ၉၅၉၂၃၂ |
| ကက - ၂၀၃၉၃၈ | ဖ - ၄၈၃၇၇၄ | ဂ - ၇၉၉၉၄၁ | |
| မ - ၂၆၄၀၈၈ | ကစ - ၄၉၉၆၈၀ | ဆ - ၈၂၃၁၀၆ | |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ည - ၁၆၃၁၆၃ | ဈ - ၄၃၉၇၄၈ |
| မ - ၁၆၅၃၇၂ | ဆ - ၄၆၃၀၃၉ |
| ရ - ၁၆၈၈၈၇ | ဘ - ၅၆၁၈၈၁ |
| လ - ၂၄၁၃၆၂ | ဌ - ၅၉၄၀၂၆ |
| ယ - ၂၉၈၁၉၅ | အ - ၆၀၈၈၇၄ |
| မ - ၃၄၄၁၆၆ | င - ၆၀၈၉၂၃ |
| ဖ - ၃၄၅၇၉၅ | ဝ - ၆၂၆၉၇၄ |
| ကဃ - ၃၅၈၀၈၆ | ဂ - ၇၄၇၆၆၉ |
| န - ၃၉၂၃၀၈ | မ - ၈၂၉၇၇၇ |
| ရ - ၄၂၈၂၁၆ | ဋ - ၉၁၀၁၀၈ |

## ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ပ - ၁၀၀၆၄၄ | ဝ - ၄၂၈၃၄၃ |
| ဌ - ၁၂၉၀၂၇ | ယ - ၅၀၆၁၂၇ |
| ဍ - ၁၄၆၃၄၂ | ကဆ - ၅၅၀၂၇၁ |
| ဟ - ၁၄၈၅၃၄ | ဏ - ၅၆၄၀၂၁ |
| န - ၁၇၄၁၁၃ | ခ - ၅၆၈၇၀၉ |
| ရ - ၁၈၃၆၀၉ | ကခ - ၆၈၅၆၇၁ |
| န - ၁၉၈၉၄၀ | စ - ၇၂၆၀၄၉ |
| ဍ - ၂၉၄၀၃၆ | ဓ - ၇၆၀၇၁၁ |
| င - ၃၃၂၁၃၄ | မ - ၉၄၃၀၉၇ |
| အ - ၃၈၅၇၇၉ | ယ - ၉၆၁၂၇၇ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| င | ၁၃၀၈၂၀ | ဌ | ၆၆၉၅၅၂ |
| ဏ | ၁၃၈၃၆၅ | ဒ | ၇၁၅၂၈၇ |
| ဗ | ၁၅၈၅၄၂ | ဋ | ၇၂၁၁၁၄ |
| န | ၁၈၄၇၃၂ | ကဆ | ၇၂၅၉၃၁ |
| ဟ | ၁၈၇၅၁၅ | က | ၇၇၃၈၉၅ |
| ဖ | ၂၀၁၁၀၂ | ဗ | ၇၇၈၉၆၃ |
| စ | ၂၁၃၆၂၁ | န | ၈၃၀၉၂၇ |
| ရ | ၂၃၉၉၀၄ | ည | ၈၄၉၅၅၈ |
| ပ | ၃၇၃၀၆၅ | ဗ | ၈၅၇၀၅၄ |
| ဓ | ၃၇၃၈၅၈ | ကဂ | ၈၆၃၉၀၀ |
| ဒ | ၄၆၇၄၅၇ | ဍ | ၈၈၈၇၈၀ |
| ဟ | ၅၀၀၆၂၁ | ကက | ၉၇၀၁၆၀ |
| ဓ | ၅၄၂၇၈၁ | စ | ၉၇၀၉၀၄ |
| ပ | ၅၇၃၅၈၄ | ဈ | ၉၇၁၁၅၈ |
| ကဃ | ၆၂၁၂၆၀ | ရ | ၉၈၈၉၁၁ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ကင | ၁၀၁၉၂၈ | န | ၅၆၄၀၃၆ |
| ကဂ | ၁၁၈၁၉၀ | သ | ၆၁၀၄၆၂ |
| ဟ | ၂၂၆၅၂၀ | ဂ | ၆၂၆၈၅၄ |
| န | ၂၃၇၁၃၄ | သ | ၆၅၃၉၇၀ |
| ဝ | ၂၄၂၂၅၂ | ခ | ၆၅၅၂၀၅ |
| ည | ၂၅၁၅၀၃ | ဍ | ၆၈၄၁၀၆ |
| င | ၂၆၂၁၄၀ | ကခ | ၇၁၁၈၈၉ |
| အ | ၃၁၂၄၁၆ | က | ၇၅၄၈၇၆ |
| ပ | ၃၁၅၄၆၆ | တ | ၇၉၅၉၇၇ |
| ဌ | ၃၈၃၆၄၅ | ယ | ၈၁၈၉၆၆ |
| က | ၃၉၈၀၃၄ | ဂ | ၈၄၄၁၈၁ |
| ကခ | ၃၉၉၆၀၇ | ဆ | ၈၇၅၅၁၉ |
| ယ | ၄၀၃၅၇၅ | င | ၉၁၅၆၆၈ |
| ဈ | ၄၂၄၉၅၁ | ဍ | ၉၃၉၇၆၇ |
| ကက | ၄၇၉၅၀၇ | ဋ | ၉၇၉၆၈၇ |
| ည | ၄၈၉၂၂၈ | ဇ | ၉၈၅၉၀၃ |
| လ | ၄၉၄၈၆၈ | ဍ | ၉၈၈၂၆၂ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| န | ၁၁၇၆၉ | က | ၆၃၀၃၂ |
| ကက | ၂၁၀၂၂ | ကက | ၆၃၁၅၅ |
| ဃ | ၃၁၁၀၈ | ဋ | ၈၈၈၅၇ |
| ဋ | ၅၄၄၅၈ | ဗ | ၉၁၇၅၉ |
| ဝ | ၅၇၆၅၆ | ဝ | ၉၉၉၈၅ |

အကွရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ကစ | ၁၀၆၅ | ဖ | ၆၉၆၆ |
| ကဃ | ၁၉၂၃ | ဏ | ၇၆၇၈ |
| လ | ၄၀၁၀ | ကက | ၇၇၂၈ |
| ဟ | ၅၆၆၅ | ဂ | ၈၃၄၈ |
| ဍ | ၅၈၀၁ | က | ၉၅၇၁ |

အကွရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ဇ | ၁၆၆ | တ | ၈၃၄ |
| ဏ | ၂၁၈ | ကခ | ၈၉၉ |
| ထ | ၂၄၂ | ဇ | ၉၀၈ |
| န | ၃၇၁ | ကဃ | ၉၄၄ |
| ည | ၇၁၈ | | |

အကွရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ကက | ၅၂ |
| ဝ | ၇၂ |
| ဟ | ၇၅ |

အကွရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၂၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၃၂၇၂၇၂၀) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၆၅၄၅၄၄၀၀၀၀) ရရှိခဲ့ပြီး၊ ၎င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၉၂၇၂၆၄၀၀၀)ကို ဆုမဲပေါင်း (၄၀၂၄၃) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၊ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၃၂၂) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အကွရာလုံးရေ (၄၀) ကုန်စင်အောင်ရောင်းချရပါက ဆုမဲပေါင်း (၄၀၂၄၃)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် (၃၂၂) ကြိမ် အတွက် ၅ -၁၀-၂၀၁၅ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူတင်ပြပြီး နံနက်(၁၁)နာရီ မှ မွန်းလွဲ (၂)နာရီအချိန်အတွင်း ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၉- ၁၀- ၂၀၁၅ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊ ၂" × ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

ဤအုတ်ဇရပ်ကြီးများသည် မန္တလေးမြို့တွင် မီးလောင်ခဲ့မှုကြောင့် သော်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့ရခြင်းများကြောင့်လည်းကောင်း ဆုံးရှုံးပျောက်ကွယ်သွားခြင်းဖြစ်ဖွယ် ရှိသည်။ ၃၅ လမ်း တောင်ပြင်ဘက်တွင် အုတ်ဇရပ်ကြီးနှစ်ဆောင်၊ မန္တလေးတောင်ခြေ ဂေါက်ကွင်းအနောက်ဘက်၌ ရှေးက အုတ်ဇရပ်ကြီး တစ်ဆောင်ရှိကြောင်း သိမီလိုက် သူများက ပြောကြသည်။

ထိုအုတ်ဇရပ်ကြီးများကို သာလာယံဇရပ်ကြီးများအဖြစ် သိမှတ်ထားကြသည်။ သာလာယံဇရပ်များမှာ အရပ် ရှစ်မျက်နှာမှ လာလာသမျှ ဧည့်သည်များအား အသုံးအဆောင်ပစ္စည်းများ လိုလေသေးမရှိ ပေးကမ်းစွန့်ကြဲခဲ့သည် ဆိုသည်မှလည်း ယုံနိုင်ဖွယ်မရှိဖြစ်သည်။

သာလာယံအုတ်ဇရပ်များတွင် အမျိုးသားများအတွက်ထားရှိရာ ပစ္စည်းများမှာ လက်ဖက်ရည်နှင့် တွဲဖက်စားသုံးရန် ထန်းလျက်၊ ပဲလှော်သုပ်စားနိုင်ရန် ဆားနှင့် ကြက်သွန်၊ နှမ်း၊ ဆေးလိပ်ကို အလိုရှိသလို လိပ်သောက်နိုင်ရန် ဆေးဗန်း၌ ဆေး၊ ကွမ်းသီး၊ ဖက်၊ ဘန့်ပွေးဖက်၊ လေး ညှင်းပွင့်၊ ဇာတိပ္ပိုလ်၊ ဖာလာ၊ သစ်ကြံပိုး၊ ကွမ်းညှပ်၊ ကွမ်းအစ်၊ ယပ်တောင် အမျိုးမျိုး၊ အညောင်းအညာပြေစေရန် အနှိပ်ဘုတုံး၊ သားရေကြိုး တပ်ထားသော တုတ်များနှင့် ညှပ်နှိပ်ခြင်းပစ္စည်းများထားရှိသည်။

အမျိုးသမီးများအတွက် ဘီး၊ ဘီးစိပ်၊ ဘီးကျဲ၊ အုန်းဆီ၊ နှမ်းဆီ၊ အလှဆီ၊ မှန်နှင့် မှန်တင်ခုံ၊ သနပ်ခါး၊ နံ့သာဖြူ၊ အကျော်စမ္ပာကရမက်၊ မျက်နှာချေအစစ်မှုန့်၊ ပေါင်ဒါမှုန့်၊ မြပန်းခဲ၊ တို့ဖတ်၊ မျက်ခုံးဆွဲမင်၊ မင်တံ၊ ကျောက်ပြင်၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ တံပူဆပ်ပြာ၊ မျက်နှာသစ်ရေ၊ ခေါင်းအုံး၊ သင်ဖြူး၊ ကော်ဇော၊ ခြုံစောင်၊ နားဖာကလော်၊ မွေးညှပ်၊ ဇာဂနာ၊ သင်တုန်း၊ အပ်နှင့်အပ်ချည်၊ ခြားမ၊ ပုဆိန်၊ သောက်ရေအိုး၊ ခွက်၊ ဖလား၊ ရေမှုတ်၊ ကိုယ်ဝန်ဆောင် မိန်းမများနေ့စေလစေ့ မီးဖွားပါက မီးနေအိမ်၊ မီးနေထင်း၊ ရေနွေးအိုး၊ မိဿလင်၊ ငရုတ်ကောင်း၊ အုတ်ခဲပိုင်း၊ နှမ်းထုပ်၊ အချင်းမြှုပ်ရန် တူးရွင်း၊ ဝမ်းဆွဲမိန်းမ နှစ်ယောက်၊ ဗိန္ဓော ဆရာနှစ်ယောက်၊ မီးဖွားပြီးသွားလိုပါက ငွေငါးကျပ်နှင့် ဝတ်စုံတစ်စုံ လက်ဆောင်ပေး၏။ ယင်းသို့သော အုတ်ဇရပ်တော်ကြီးများကို လွန်ခဲ့သောနှစ်ပေါင်း ၆၀ လောက်က ၂၂ လမ်း၊ သချႋုင်းတော်ဘက်တွင် မြင်ဖူးကြပေလိမ့်မည်။ ဇရပ်တိုင်လုံးကြီးများ၊ အမိုးသွပ်ပြားများနှင့် ခေတ်ကာလ ရွေ့လျားလာသောအခါ သာလာယံဇရပ် ဖြစ်သွားတော့၏။

ရှေးခေတ်က ရှိခဲ့သော သာလာယံဇရပ်တော်ကြီးများကို ယနေ့ခေတ်၌ စာထဲပေထဲ၌သာ ဖတ်ဖူးသိရှိနိုင်ကြတော့မည် ဖြစ်သည်။ နန်းတော်ရှေ့ ဆရာတင်က 'ရှစ်ဌာနသာလာယံ' အမည်ဖြင့် တေးတစ်ပုဒ် ရေးစပ်သီကုံးခဲ့၏။ ရွာစား စိန်ဗေဒါဆိုင်းနှင့် အဆိုတော် ဦးစိန်ခင်က သီဆိုခဲ့၏။ "ဤကမ္ဘာတုမရ သီတာမုခကဲ့သို့ ဝဇီယာဝုခ အစစ်ထိန်ဝေဖြာရွာသားစိန်ဗေဒါ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ မြစ်အဖြာဖြာ ပေါင်းသကဲ့သို့ ချစ်စရာကောင်းပါတဲ့ ကာလသား ရွာစားစိန်ဗေဒါ. . .။

ဆရာမပါရင်လေ အလှူမဖြစ်သလောက် ဇမ္ဗူရာဇ် တစ်လျှောက်မှဖြင့် နန်းတော်ရှေ့ဆရာ အတွေးအရေး တော့ (စကားညှပ်) အခုဆိုမယ့် သီချင်းကတော့ ရှစ်ဌာနသာလာယံ အကြောင်းပေထင့်၊ ပတ်စာကောင်းကောင်း တပ်ပြီးတော့ ခေါင်းတဆက်ဆက်နဲ့ တီးတော်မူပ့ါဆရာ. . ကျောက်သံပတ္တမြားနဲ့ ရတနာရွှေငွေအောင်မြေစခန်းနဲ့ တိုးမန်းပြည် ဌာနံ၊ မရှိသောစကားကို မကြားရတဲ့ တရားဓမ္မနဲ့ စီရင်ဖြတ်ထုံးသံ၊ အို. . . ခေတ္တမျှပြန်၊ ခေတ်အခါသမယအမှန်၊ ရှစ်ဌာနသာလာယံ၊ စိန်ဝဇီရောင်လျှံကိန္နရီမောင်နှံ ဝဲယှက်ကာ တွဲလျက်သာ တွဲတွဲယှက်ကာ မန္တလေးတောင်သာလာယံ (သာသနာထွန်းခဲ့ပြန်၊ သာသနာထွန်းခဲ့ပြန်၊ မြန်မာရာဇာကို လွှမ်းဖွယ်အမှန် သာသနာထွန်းခဲ့ပြန် တက်လူများ စဉ်းစားကြပါအမှန်၊ မရှိစကားကို မကြားရတော့တာ အမှန်၊ မေတ္တာမျှပြန်၊ ခေတ်အခါသမယအမှန်၊ ရှစ်ဌာနသာလာယံ)ဟူသော နန်းတော်ရှေ့ဆရာတင်၏ တေးသီချင်းနှင့် စိန်ဗေဒါကြီး၏ တီးကွက်က မန္တလေးရတနာပုံ ဗဟုသုတများကို ပြည်သူတို့အား ဖြန့်ဝေပေးခဲ့သည်။ ဆရာစိန်ဗေဒါတို့၊ ဆရာတင်တို့လည်း အုတ်ဇရပ်ကြီးများကို မီလိုက်မြင်လိုက်ကြမည်ဟုထင်သည်။ နှစ် (၁၀၀)ကျော် သက်တမ်းရှိ ရှေးဇရပ်ကြီးများကား မန္တလေးတွင် ရှားပါးသွားပြီဖြစ်သည်။ သမိုင်းဝင်နန်းရှေ့မုန်တိုင်းဇရပ်ကြီးပင်လျှင် ခေတ်မီ "အောင်ရတနာဓမ္မဗိမာန် အဆောက်အအုံကြီး" အဖြစ်ပြောင်းလဲ သွားခဲ့ပြီဖြစ်သည်။ အလှူရှင်မှာ စိန်ကုန်သည် ဒေါ်တင်အောင် မိသားစုဖြစ်သည်။ မြောက်ပြင်အိုးဘိုရပ်ကွက်တွင် ရှေးဇရပ်ကြီးတစ်ဆောင် ရှိသေးရာ ပြုပြင်ထိန်းသိမ်းထားသည်ကို တွေ့မြင်နိုင်သေးသည်။

**အုတ်မြို့ရိုးအတွင်း ဝင်းအိမ်များ**

ရှေးခေတ် မန္တလေးရွှေမြို့တော်ဝင်းများကို လေ့လာရာတွင် အုတ်မြို့ရိုးအတွင်း သတ်မှတ်ပေးထားသော ဝန်ကြီး၊ ဝန်စုရများ၊ မှူးတော်၊ မတ်တော်၊ နာခံတော်၊ စာရေးတော်များ နေထိုင်ကြသည့် ဝင်းနေရာများ တွေ့ရှိရသည်။ ၎င်းတို့ကို ရှေးမြေပုံ ပုရပိုက် အထောက်အထားအရ မှတ်သားထားခဲ့ကြသည်။ မန္တလေးမြို့ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန စာကြည့်တိုက်နှင့် ပြတိုက်တွင်လည်း မန္တလေးခေတ်မြေပုံကို လေ့လာတွေ့ရှိနိုင်သည်။ ရွှေနန်းတော် ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်ထဲတွင်လည်း ရတနာပုံခေတ် နန်းမြို့နှင့် မန္တလေးမြို့တော် ပန္နက်ပုံစံ၊ ရတနာပုံ နန်းမြို့တော် အကွက်ချပုံစံ(ရှေးခေတ်နှင့် မျက်မှောက်ခေတ်) ဝင်းနေရာ နေထိုင်ခဲ့ကြသူ အမည်များ တွေ့ရှိခဲ့ရသည်။

အုတ်မြို့ရိုးကြီးအတွင်း အလယ်၌ ဘုရင်မင်းမြတ်စံသော မြနန်းစံကျော် ရွှေနန်းတော်ကြီး တည်ရှိပြီး အပြင်၌ နန်းမြို့တော်၏ ဝင်းတော်ဟုလည်းခေါ်သော သစ်တပ်ဝင်း၊ မြောက်မျက်နှာတွင် အိမ်ရှေ့မင်းဝင်း ရှိသည်။ သစ်တပ်ဝင်းပြင် လေးမျက်နှာတွင် မိဖုရား၊ မင်းသမီး၊ မင်းညီမင်းသားတော်များ၊ မှူးတော်၊ မတ်တော်တို့ နေထိုင်ကြသည်။ အချို့ဝင်းများသည် တစ်ပြပတ်လည်ရှိ၍ အချို့တစ်ခြမ်း၊ တစ်စိတ်ဝင်းများ ဖြစ်သည်။ လေးမျက်နှာအရပ်များတွင်ကား သူအိုရုံ၊ သူနာရုံ၊ ကျီတော်များ၊ ဓမ္မာရုံဝင်းများ စနစ်တကျသတ်မှတ်ပေးထားသည်ကို တွေ့ရှိနိုင်သည်။ ဝင်းပေါင်း (၂၃၉) ကွက် တွေ့ရသည်။

အုတ်မြို့ရိုးအတွင်း ရတနာပုံခေတ် ထင်ရှားသော အိမ်နေရာများတွင် မြောက်ဘက်ပိုင်း၌ သူရဲဝန် အမှုထမ်းဝင်း၊ တရားနာခံဦးသစ်ဝင်း၊ မြို့စား(မင်း)၊ လက်ဖက်ရည်တော်ဝင်း၊ အနောက်နန်းမတော်ဝင်း၊ မြို့သာ ဝန်ထောက်ဟောင်းမယားဝင်း၊ လက်ကောင်းဗိုလ်ဝင်း၊ စကားစော်ဘွားဝင်း၊ သံတော်ဆင့်ဟောင်းငစံ ပုဝင်း၊ ညောင်ဝန်းဝန်ထောက်ဝင်း၊ ပုဂံဝန်ထောက်ဟောင်းဝင်း၊ ဖိနပ်တော် (လူနီဝင်း) အသည်ဝန်အမှုထမ်း နေလက်သုံးတော်မောင်ကြူးဝင်း၊ ဆွေတော်အုပ်ဗိုလ်အိမ်၊ ကျောက်တလုံးမိဖုရားဟောင်းဝင်း၊ သံချက်ဝန်ထောင်မင်းဝင်း၊ မြောင်းမြမြို့စားမြင်းစာရေးဟောင်းဝင်း၊ နတ်စုလက်ယာသေနတ် စာရေးဝင်း၊ မင်းကြီးတရဖျားဝင်း၊ စာရေးတော်ကြီး မောင်ဝိုင်းဝင်း၊ တံခါးနီတော်မှူးဝင်း၊ အတွင်းဝန်မင်းဝင်း၊ မြို့ဝန်ပင်လယ်မြို့စားဝင်း၊ ရွှေတိုက်အတွင်းဝန်မင်းဝင်း၊ ဆင်ဝန်ထောက်ဝင်း၊ ကုလားဝင်း၊ စာရေးဗိုလ်ပိုင်ဦးတူဝင်း။

တောင်ဘက်ပိုင်းနေရာများတွင် ကျောက်ရဲဝန်ထောက်ဟောင်းဝင်း၊ မြို့ဝန်ပင်လယ်မြို့စားဝင်း၊ လှေသင်းဗိုလ်ဦးကြာကြီးဝင်း၊ သူရဲဝန်မကွေးမင်းသားဝင်း၊ အစ်မတော်ဖုရားဝင်း၊ အနောက်ဝန်ထောက်ဦးပုလေးဝင်း၊ တပယင်းဝန်ထောက်ဦးမိုးဝင်း၊ လက်ယာဝင်းတော်မှူးဦးချုံဝင်း၊ လှေသင်းအတွင်းဝန်မင်းဝင်း၊ ထိုင်တားမင်းကြီး ဝင်း နိုင်ငံခြားဝန်ကြီးဝင်း၊ မြစ်စုကြီးဝန်ဝင်း၊ လက်ယာဝင်းစည်၊ အမွေဝန်မင်းဝင်း၊ ကြေးနန်းရုံ-နိုင်ငံခြားဝန်ထောက် ဟောင်းဝင်း၊ သီပေါဝန်ဟောင်းဝင်း၊ ပင်းနတ်မောင်-ကျောက်ပန်းတောင်းမြို့ဝန်မယားဝင်း၊ ယောသံတော်ဆင့် အမှာရေး ငရွှေမင်းဝင်း၊ အမိန့်တော်ရေးစာရေးကြီးဦးရဲဝင်း၊ တံခါးနီဗိုလ်ဝင်း။

မိုးနဲစစ်ကဲဟောင်းဝင်း၊ ရွှေပြည်မှန်ကင်း၊ ရွှေပြည်ဗိုလ်ဝင်း၊ မလွန်ဝန်ထောက်သစ်တောဝန်ဟောင်းဝင်း၊ ကွမ်းရေးတော်မောင်ကြီး လယ်ဝန်သံတော်ဆင့်မယားမိလေးဝင်း၊ နန်းမတော်ဝန်မင်း၊ ဗန်းမော်ဝန်ဟောင်းမြေတိုင်းဝန်ထောက်ဟောင်းဝင်း၊ အထိန်းတော်ဟောင်းမိလေးဝင်း၊ ကန္နီမြို့သူကြီးဝင်း၊ တောင်ဒဝယ်ဗိုလ်ဝင်း၊ မြို့ဝန်ယင်းတော်မြို့စားဝင်း၊ အလုံဝန်ဦးထောင်ဗိုလ်ဝင်း၊ နတ်ရှင်ရွေးဗိုလ်ဦးမျှားဝင်း၊ သံတော်ဆင့်ဦးဘ၏ ၎င်းအစုရေးငရွှေဝင်း။

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


## အသိပေးကြေညာချက်

Woodside Energy (Myanmar) Pte Ltdသည် မြန်မာနိုင်ငံ၊ ရခိုင်ကမ်းလွန်ဒေသရှိ ရေနံလုပ်ကွက်အမှတ် (အေဒီ-၅နှင့် အေ-၇)တို့တွင် အဏ္ဏဝါဆိုက်စမစ်လေ့လာခြင်း၊ မြေဆွဲအားနှင့် သံလိုက်ဆွဲအား အချက်အလက်ရယူခြင်းနှင့် ပင်လယ်ကြမ်းပြင် မြေနမူနာကောက်ယူခြင်းတို့ကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၆ခုနှစ် မတ်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို Woodside AECOM နှင့် E Guard Environmental Services တို့မှ လေ့လာပြုစုပြီးဖြစ်ပါသည်။ အများပြည်သူများအနေဖြင့် အကြံပြုချက်နှင့် သုံးသပ်ချက်များကို ပေးပို့နိုင်ရန် အစီရင်ခံစာ(မူကြမ်း)အား အောက်ဖော်ပြပါနေရာများတွင် ဖတ်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

* Woodside ၏အင်တာနက်ဝက်ဘ်ဆိုဒ်: Woodside.com.au/myanmar-consultation
* Woodside၏ ရန်ကုန်ရုံး၊ အမှတ်-၇၀/အယ်လ်အေ-၂၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
* E Guard၏ ရန်ကုန်ရုံး၊ အမှတ်-၉၉၊ မြကန်သာလမ်းသွယ်၊ ငြိမ်းချမ်းရေးလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
* လုပ်ကွက်အမှတ် A-7၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ဆက်စပ်နေသည့် ရွာသစ်၊ ဆင်မ၊ နံ့သာပု၊ ပန်းမော်၊ စပါးကြီး၊ သဲဖြူ၊ မိုးတိမ်ပြင်၊ ဇီးချိုင်၊ ဖောင်တိုး၊ ကွင်းဘတ်၊ ကျေးရွာအုပ်စုများရှိ အများပြည်သူ ဖတ်ရှုနိုင်သည့်နေရာများ
* ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်-၁၃ သစ်စက်၊ ရွှေမျှင်တင် ကျေးရွာ၊ပုသိမ်မြို့။
* ညွှန်ကြားရေးမှူးရုံး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ တဲကြီးကုန်း၊ ပုသိမ်မြို့။ မြန်မာ့ငါးလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ အခန်း(၉-၁၀)၊ ယိုးဒယားကုန်းလမ်း၊ အထက(၂)ကျောင်းရှေ့ အမှတ်(၂)နယ်မြေ၊ ပုသိမ်မြို့။

အကြံပြုချက်နှင့် သုံးသပ်ချက်များအား daniel.clery@woodside.com.au info@ eguardservices.com နှင့် feedback.myanmar@aecom.comသို့ အီးမေးလ်ဖြင့်သော်လည်းကောင်း (သို့မဟုတ်) ရန်ကုန်မြို့ရှိ Woodside နှင့် E Guard ရုံးများသို့ တိုက်ရိုက်ပေးပို့၍သော်လည်းကောင်း၊ ၂၀၁၅ခုနှစ် အောက်တိုဘာလ (၃၀)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TRW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ရွာတချို့တလေမီးလောင်၊ မြို့တချို့တလေ ကြေမွ၊ လူတွေလည်း သေသင့်သမျှ သေကြပေ့၊ တော်လှန်ရေး သမိုင်းလမ်းကြောင်းမှာ အသက်တွေ သွေးတွေစတေးကြရတာ မဆန်းပါဘူး၊ ကျွန်တော် ခုနင်က ပြောခဲ့တဲ့ လောင်းမတ်(ချ်)ကို ပြန်သုံးသပ်ကြည့်ပါ၊ ရဲဘော် သဘောပေါက်ပါလိမ့်မယ်၊ အပြီးသတ်တော့ နယ်ချဲ့ရုပ်သေးကြက်နှစ်ကောင် ပန်းကြမှာပဲ၊ အဲဒီတော့မှ ကျွန်တော်တို့ တပ်နီတော်က အသာဝင်ဖမ်းပြီး အောင်ပွဲဆင်ရုံပဲ၊ အဲဒီ အချိန်ဟာလည်း မဝေးတော့ပါဘူး၊ ဘယ့်နှယ်လဲ"

သက်ခိုင်ကလည်း အေးဝင်းနည်းတူ ဘာမျှ ပြန်ပြောနိုင်စွမ်းဟန်မရှိလေသူကဲ့သို့ ခေါင်းညိတ်ပြ၏။

နောက်ထပ် အနည်းငယ် ဆွေးနွေးကြပြီးနောက် အစည်းအဝေးကို ဆုံးလိုက်ကာ လူစုခွဲ၍ ပြန်လာကြသည်။

ထွန်းငွေ ခေါ် မောင်ညိုမှိုင်းလည်း သက်ခိုင်တို့၊ အေးဝင်းတို့နှင့် အတူပြန်လိုက်လာ၏။

သုံးယောက်သား စကားမဆိုကြဘဲ လျှောက်လာကြသည်။ သက်ခိုင်က တယောကို လက်ဦးတည့်ရာ ထိုးလာသဖြင့် သီချင်းလည်း ဝင်ဆို၍မရကြ။

ပိတောက်ပင်များ အောက်သို့ ရောက်သောအခါ ထွန်းငွေက စ စကားပြောသည်။

အေးဝင်းက တိုတိုနှင့်လိုရင်းဖြေ၏။

"တို့ ဘယ်လို သဘောရတယ်ဆိုတာကိုတို့ ပြောပြခဲ့ပြီးပြီကော"

ထွန်းငွေသည် သက်ပြင်းလေး ရှိုက်ပြီးဆို၏။

"မင်းတို့နှစ်ယောက် ပြောခဲ့စကားတွေက ငါ့အတွက် စဉ်းစားစရာဖြစ်လာတယ်၊ ခက်တာက မင်းတို့နှစ်ယောက် အမျိုးသားရေးကို ထိပ်တင်ထားတာပဲ"

သက်ခိုင်က တယောထိုးရပ်လိုက်ပြီး မေး၏။

"အမျိုးသားရေးကို ထိပ်တင်တာနဲ့ မင်းက ဘာလို့ ခက်နေရတာလဲထွန်းငွေ"

"အေးလေ. . . မင်တို့အတွက်တော့ မခက်ဘူးပေ့၊ ငါ့အတွက်တော့ ခက်နေပြီ"

အေးဝင်းက ပြောသည်။

"မင်း ခက်နေတာ ငါ သိပါတယ် မောင်ညိုမှိုင်းရာ၊ မင့်စာအုပ်ကြီးတွေက အမျိုးသားရေးကို သာမည ပြုဆိုထားတယ် မဟုတ်လား၊ ဒါပေမယ့် ဟစ်တလာက ဆိုဗီယက်ယူနီယံကို ဝင်တိုက်တော့ ရုရှားတွေဟာ သဘောတရားရေးကို သာမညလုပ်ပစ်ပြီး အဖနိုင်ငံ ကာကွယ်ရေးကို ရှေ့တန်းတင်ခဲ့တယ် မဟုတ်လား၊ စစ်ပွဲကြီးကိုလည်း ဂရိတ်ပက်တရီရောတစ်ဝါး (မဟာမျိုးချစ်စစ်ပွဲကြီး)လို့ ကင်ပွန်းတပ်ခဲ့ကြတယ် မဟုတ်လား"

ထွန်းငွေသည် ခေတ္တငိုင်သွား၏။ ထိုနောက်မှ ရင်ဘက်အတွင်းမှလာသော ရယ်သံကိုပြုရင်း ဆဲသည်။

"ခွေးကောင်တွေ. . . လက်ဝဲစာအုပ်ကလေး တစ်အုပ်နှစ်အုပ် ဖတ်ဖူးတာနဲ့ လိုရာဆွဲ ကောက်နုတ်ချက်ချပြီး မဟုတ်တာတွေ ပြောနေတယ်၊ နေဦး. . . အခု ငါ အခန်းပြန်ရောက်ရင် စာအုပ်တွေ ထပ်ဖတ်လိုက်ဦးမယ်၊ မနက်ကျမှ ငါ ရှင်းပြမယ်"

သက်ခိုင်က နောက်၏။

"ဒါဖြင့် မောင်ညိုမှိုင်းရယ်. . . မင်း စာမဖတ်ခင် ငါ တယောတီးပြပါရစေ"

"တီးလေ. . . တီးလေ. . အေး တစ်ခါတလေ ရောမမြို့ကြီး မီးလောင်နေတုန်း စောင်းသံ နားထောင်ရတာ ကောင်းသလိုပဲ၊ အဟီး. . . ဟင့် ဟင့် ဟင့်. . အဟက်. . "

သက်ခိုင်က တယောကို အသံစမ်းတော့၏။ အေးဝင်းက မေးသည်။

"ဟေ့ကောင်. . . မင်း ဘာတီးမလို့လဲ"

"အဆီလျော်ဆုံး သီချင်းကွာ၊ ကြုံလေဘုံဘွေ"

သက်ခိုင်က တယောတီးသည်။ အေးဝင်းက ဆို၏။ မောင်ညိုမှိုင်းက ခေါင်းငိုက်စိုက်နှင့် စဉ်းစားတွေးခေါ်ရင်း လိုက်ပါတယ်လာ၏။

"ကြုံလေ. . . ဘုံဘွေ. . ဆော်ထွေမှိုင်မိရင်း . . . ကံကံငယ်ခေလို့၊ ကြုံရလေခြင်း. . . "

ထိုညက တက္ကသိုလ်နယ်မြေပေါ်၌ ငွေလရောင်မရွှန်းပါ။

**အခန်း(၂၆)**

**ပြည်ရေး၊ ဝမ်းရေး၊ အလွမ်းရေး**

ဇန်နဝါရီလ ၂၇ ရက်နေ့ည ဗဟိုကျောင်းဆောင်သားများ စုဝေးကာ ကျောင်းပိတ်ပေးရန်နှင့် တက္ကသိုလ်တပ်ရင်း ဖွဲ့ပေးရန် ဆုံးဖြတ်တောင်းဆိုကြသည်။

ထိုအခါ အိပ်မောကျနေသော တ. က. သ (တက္ကသိုလ်ကျောင်းသားများသမဂ္ဂ)လည်း လှုပ်ရှားလာ၏။

အေးဝင်း၊ သက်ခိုင်နှင့် တင်မောင်စိုးတို့သည် သုံးယောက်တည်း နံနက်ထမင်းစားဆင်းကြ၏။ ယုမောင်မှု ပျောက်နေ၏။ ထမင်းစားခန်းတွင်း၌ပင် ကျောင်းသားတိုင်း လှုပ်လှုပ်ရွရွဖြစ်နေသည်။တက်တက်ကြွကြွလည်း ရှိနေ၏။

"ကျောင်းပိတ်ပေးရမည်၊ တက္ကသိုလ်တပ်ရင်း ဖွဲ့ပေးရမည်"

ဤစကားကို လူတိုင်းပြောနေကြသည်။ သို့မဟုတ် တောင်းဆိုနေကြသည်။

အေးဝင်းနှင့် သက်ခိုင်သည်ကျောင်းဘက်ထွက်ခဲ့ကြသည်။

ဂျီ-စီ-အာ(ရ်) ခေါ် ယောကျ်ားလေးများ နားနေခန်းရှေ့ရှိ ကြော်ငြာသင်ပုန်းရှေ့၌ ကျောင်းသားများ စုဝိုင်းနေကြသည်။ သင်ပုန်းပေါ်၌ တ-က-သ၏ ကြေညာချက်ကို ကပ်ထားသည်။ ဤကြေညာချက်က မနေ့ညက ဗဟို ကျောင်းသားများ၏ တောင်းဆိုချက်ကို ရောင်ပြန်ဟပ်ထားသည်။

သက်ခိုင်တို့နှင့် သိသော မြန်မာစာယူသည့် ကျောင်းသားတစ်ဦးက ကြေညာချက်ကို ဖတ်ရာမှ ရွှတ်နောက်နောက်နှင့် အော်၏။

"အမယ်မင်း . . . အားလုံး ခက်ကုန်ကြပါပြီကို . . မောင်မင်းများရဲ့"

အခြားတစ်ဦးက ဝင်မေးပေး၏။

"ဘာများ ခက်လို့လဲ သူငယ်ချင်းရဲ့"

"တက္ကသိုလ်အရန်တပ်ရင်းဖွဲ့ပြီး စစ်ထဲ လိုက်ရမယ်ဆိုတော့ ဥမ္မာဒန္တီပျို့ထဲက စာကို သတိရသွားလို့ပါ"

"ဘယ်လိုတဲ့လဲ"

"လွမ်းတပူဆွေး၊ သူနှင့်ဝေးက၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏. . . တဲ့၊ ခက်၏. . တဲ့"

"ဩော်. . . ကိုယ်တော်ကြီးက သူနဲ့ဝေးမှာမို့ လွမ်းရေးခက်နေလို့လား"

"မဟုတ်ဘူး၊ ဒီထက် ခက်သေးတယ်"

"ဘာများပါလဲဘုရာ့"

"သူနဲ့ ဝေးတာက တစ်နေ့ ပြန်တွေ့နိုင်သေးတယ်၊ အခု အိမ်က ငွေမလာတော့ လက်မှတ်မလဲနိုင်ဘူး၊ လက်မှတ်မလဲနိုင်တော့ ဆုံးပါပြီ ဆုံးပါပြီ"

"ဘာဆုံးတာလဲ. . . ဗန်ကောက်လုံချည်လား"

"ဟင့်အင်း"

"ဖောင်တိန်လား"

"အနားသား. . . ဟင့်အင်း"

"ဒါဖြင့် လက်ပတ်နာရီလား"

"အဲဒါတွေအားလုံးထက် တန်ဖိုးရှိတယ်"

"နို့. . ဒါဖြင့် ဘာလဲ"

"လက်တစ်သစ်လောက် ထူတဲ့ ငါ့မျက်မှန်"

သက်ခိုင်တို့ အားလုံးက ဝိုင်းရယ်သည်။

ထိုကျောင်းသားက ရှုတည်တည်နှင့် ပြော၏။

"မရယ်နဲ့ ကိုယ့်လူတို့၊ အဟုတ်ပြောနေတာ၊ ပေါင်စရာကုန်လို့ မတတ်သာတဲ့အဆုံး ရွှေကိုင်းတပ်မျက်မှန်လေး ပေါင်မိတာ၊ အခုအတိုင်းဆိုတော့ ဤဖေကိုယ်မှာ သမ္ဘဝညီနောင်နဲ့ ပြိုင်ပြီး စက္ခုနှစ်ကွင်း အလင်းရှော့တိတ်(ချ်)နဲ့ ဒုက္ခရစရိယာ ဘယ်နှလ ကျင့်ရတော့မှန်း မသိဘူး"

ထိုကျောင်းသား၏ စကားကြောင့် အေးဝင်းနှင့်သက်ခိုင်သည် ရယ်ချင်မှု တစ်ဝက်၊ ကရုဏာတစ်ဝက်နှင့် ထွက်လာခဲ့ကြသည်။

သက်ခိုင်နှင့် အေးဝင်းတို့သည် နံနက်ပိုင်း၌ သတ္တဗေဒ လက်တွေ့ သင်တန်းတက်ကြသည်။ ခါတိုင်းဆိုလျှင် သတ္တဗေဒ လက်တွေ့သင်တန်း၌ ပျက်ကွက်သူကျောင်းသားကျောင်းသူရှိခဲလှ၏။ အခု ကျောင်းသား ကျောင်းသူ အများ ပျက်ကွက်နေသောကြောင့် ဖယောင်းခွက်အများတွင်း၌ မေ့ဆေးပေးထားသော ဖားလေးများသည် အခွဲအစိတ် မခံရဘဲ ပိုးလိုးပက်လက် ငြိမ်လျက်သား ရှိနေကြရှာသည်။

သက်ခိုင်က မိမိ၏ ဖားကို စိတ်ဝင်စားစွာနှင့် ခွဲနေသော်လည်း အေးဝင်က ဂနာမငြိမ်။ အကြောင်းမှာ မွန်ကျောင်းမတက်သောကြောင့် ဖြစ်၏။

လက်တွေ့သင်တန်းအပြီး၌ အေးဝင်းသည် သက်ခိုင်နှင့် လက်ဖက်ရည်သောက် မလိုက်တော့ဘဲ မွန့်ကို ရှာရန် ထွက်သွား၏။

သက်ခိုင်က လက်ဖက်ရည် သောက်ပြီးနောက် ဓာတုဗေဒသင်တန်းသွားတက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## "မာတလိ" အပြည်ပြည်ဆိုင်ရာခရီးသွား လုပ်ငန်း/ဗုဒ္ဓဂယာခရီးစဉ်

သံဝေဇနိယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ ဒေလီ တာ့ချ်မဟာ (၁၅)ရက်ခရီး၁၁ သိန်း (စရိတ်ငြိမ်း)

သံဝေဇနိယ(၄)ဌာနနှင့် အခြားနေရာတော်များ (၈)ရက်ခရီး ၉. ၅သိန်း (စရိတ်ငြိမ်း)

ချိုသာသောဈေးနှင့် စိတ်ချမ်းသာကုသိုလ်ထူးမည့် ဝန်ဆောင်မှုများကိုစရန်ငွေ(၂)သိန်းဖြင့် (၂)လကြိုတင်စာရင်းသွင်းနိုင်ပါသည်။ လစဉ် လတိုင်း ဘုရားဖူးခရီးစဉ်များရှိပါသည်။ ၁၆ ဦးလျှင် တစ်ဦး အခမဲ့။

ထွက်ခွါမည့်ရက်များ ။ 13-27 Nov' 15 တန်ဆောင်မုန်းလပြည့်(၇)ဦးလို။

" ဘယာမရှိကြီးပွားဖို့ မာတလိ နဲ့ ခရီးသွားစို့ "

ဘုရားဖူးမိတ်ဆွေများ၏အမှတ်တရစကားသံများ -"မာတလိ"အဖွဲ့နှင့် (၅)ခေါက်မြောက်လိုက်ဖူးတဲ့ အမေဒေါ်မြင့်မြင့်ရီမှ ဝန်ဆောင်မှုကောင်းပြီး စိတ်ချမ်းသာ၊ ကုသိုလ်ထူးတဲ့ခရီးစဉ်ဖြစ်ကြောင်း ဝမ်းသာအားရ ညွှန်ပြပေးမှုကြောင့် Nov' 2014 (၁၅)ရက်ခရီးကို လူ(၁၂)ယောက်စုပြီး သွားခဲ့ပါတယ်။ ကိုယ်တိုင်လဲ အမှတ်တကယ် ကြည်နူး ကုသိုလ်ထူး၊ တရားထူးများ ရရှိပါ၍ 13 Nov' 2015 (၂၀)ယောက် ထပ်သွားဖြစ်ပါမယ်။ မိတ်ဆွေများကိုလည်း "မာတလိ"အဖွဲ့နှင့်သွားဖို့ ထပ်မံ ညွှန်ပြပြီး ကိုယ်တိုင်လဲ ထပ်သွားပါအုံးမယ်။

၁။ (၅)ကြိမ်မြောက်သွားသူ၊ ဒေါ်မြင့်မြင့်ရီ (ငါးထပ်ကြီး) ရန်ကုန်။ (၂)ကြိမ်မြောက်သွားသူများ ၂။ ဒေါ်ခင်စန်းမြင့် (အလုံ) ၃။ ဒေါက်တာ ဦးတင်မောင်ဝင်း+ဒေါ်စပ်မြဦး (တောင်ကြီး) ၄။ဦးသိန်းဆွေ+ဒေါ်ခင်သန်း (ပုဇွန်တောင်၊ ရန်ကုန်)

ရုံးချုပ် - အမှတ် (၈၀)၊ ဒုတိယထပ်၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
Hot Lime - 09 5063164 , Ph : 09 43158929 , 01 552365



## ROYAL MICHELIA CO.,LTD

၁။ ယာဉ်မောင်း -ကျား(၃)ဦး

- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ အရက်သေစာသောက်စားခြင်းကင်းရမည်။ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ၊ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။ ကားကြီးမောင်းနိုင်ရမည်။ လိုင်စင်အနီရှိရမည်။ လစာညှိနှိုင်းပေးမည်။

၂။ Stainless Steel ကျွမ်းကျင် ကျား-(၃)ဦး

၃။ Aluminium ကျွမ်းကျင် ကျား-(၃)ဦး

ဆက်သွယ်ရန်လိပ်စာ-

အမှတ်(၄၅)၊ ပြည်လမ်း၊ တော်ဝင်စင်တာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၈၆၀၀၁၁၁၊ **Ext:** ၂၂၂၂၊ ၅၀၂၀



## "86-95 RIT CLUB ၏ ကျောင်းမှခွဲခွာခြင်း နှစ် ၂၀ အထိမ်းအမှတ် ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ"

86-95 RIT CLUB MEMBERS [ရန်ကုန်စက်မှုတက္ကသိုလ်တွင်(၁၉၈၆)ခုနှစ်တွင် စတင်ပညာသင်ကြားခဲ့ပြီး မည်သည့် နှစ်တွင်မဆို ကျောင်းပြီးခဲ့ကြသည့် သူငယ်ချင်းများနှင့် ကျောင်းမပြီးခဲ့ကြသည့်သူငယ်ချင်းများ၊ မည်သည့်နှစ်တွင်မဆို စတင်ပညာ သင်ကြားခဲ့ပြီး(၁၉၉၅)ခုနှစ်တွင် ကျောင်းပြီးခဲ့ကြသည့် သူငယ်ချင်းများအားလုံး]သူငယ်ချင်းတို့ရေ-----

ဒီနှစ် ၂၀၁၅ခုနှစ်ဟာ တို့သူငယ်ချင်းတွေ အမိတက္ကသိုလ်ကြီးမှာ ၉နှစ်တာ အေးအတူ ပူအမျှ ပညာအတူသင်ကြားခဲ့ကြပြီး ကျောင်းပြီးလို့ တစ်ယောက်တစ်နေရာစီလုပ်ငန်းခွင်ကို ဝင်ခဲ့ကြတာဟာ အနှစ် ၂၀ပြည့်တဲ့ ထူးခြားတဲ့နှစ်ပါ။ တို့အားလုံး ကျောင်းပြီးခြင်း နှစ် ၂၀ပြည့်တဲ့နှစ်မှာ အထိမ်းအမှတ်တစ်ခုအဖြစ် တို့တွေဒီနေ့ ဒီအချိန် ဒီလိုနေရာရောက်အောင် ပျိုးထောင်သင်ကြားပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ပွဲနှင့်အတူ သူငယ်ချင်းအားလုံး ဟိုးလွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်ကလို လွတ်လပ်ပျော်ရွှင် ရယ်မောတွေ့ဆုံကြဖို့ တွေ့ဆုံပွဲလေးကို ၂၆-၁၂-၂၀၁၅(စနေနေ့)မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပမှာဖြစ်ကြောင်း သတင်းကောင်းပါးပါရစေ----။

နေရာဒေသ နိုင်ငံစုံ၊ လုပ်ငန်းစုံမှာ ရောက်ရှိနေကြတဲ့ သူငယ်ချင်းတို့အားလုံး တစုတဝေးတည်း ပြန်လည်ဆုံစည်းနိုင်အောင် ကြိုးပမ်းလျက်ရှိပါသဖြင့် အချိန်မီဆက်သွယ်ပေးကြပါလို့ တောင်းဆိုပါရစေ. . . ။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် (၁၀)တန်းမှာ ဂုဏ်ထူးနှင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသော သူငယ်ချင်းတို့ရဲ့ သားသမီးများ အား ဆုပေးပွဲ အခမ်းအနားကျင်းပမှာဖြစ်တဲ့အတွက် ဂုဏ်ထူးရစာရင်းများ အချိန်မီပေးပို့စေလိုပါတယ်။

Address Book ပြုလုပ်ရန် ဓာတ်ပုံ၊ ဖုန်းနံပါတ်၊ လိပ်စာတို့ကိုလည်း ပေးပို့စေလိုပါတယ်။

ဆက်သွယ်ရန်

ရန်ကုန် - မြတ်ခိုင်ဆွေ(**09-5035447**)၊ သန်းဦး(**09-5147144**)၊ မိုးထွန်း(**09-2013794**)၊ မိုးဟိန်း(**09-254114541**)၊ ခွန်မင်းဆွေ(**09-5143203**)၊ မေသက်လှိုင်(**09-5128813**)၊ ကေသွယ်ထွန်းထွန်း(**09-5013875**)၊ လှိုင်သီရိ(**09-5047897**)

မန္တလေး - မျိုးနိုင်(**09-2013727**)၊ အောင်မျိုးဦး(**09-5120591**)

နေပြည်တော် - စိုးသန်း(**09-2043012**)၊ ဇော်ဇော်ထွန်း(**09-5212021**)

စင်ကာပူ - ဝင်းနိုင်ထွန်း(**+65-91005719**)၊ မြင့်မြင့်အောင်(**+65-82889117**)၊ ခိုင်ခိုင်ဝင်း(**+65-91183646**)

**86-95 RIT CLUB Facebook - http://www.facebook.com/groups/86.95.rit/**

**email-8695rit@gmail.com**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၂၆၅၈၃ ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်ဝင်း မှတ်ပုံတင်အမှတ်[၇/ပခန(နိုင်)၀၈၅၇၇၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**



**မိခင်အမည်မှန်**

နေပြည်တော် ပျဉ်းမနားမြို့ ညောင်ပင်သာ အထက်တန်းကျောင်း၊ ဒသမတန်း (C)တွင် ပညာသင်ကြားနေသော မမေဇင်မျိုးနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမော်[၉/ပမန(နိုင်)၀၃၀၄၂၄]ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးမော်**



## စတိုနံပါတ်(YGN)ကားများရောင်းမည်

1. SUZUKI SWIFT 2011 XL grade. Push Start. Ori TV/ DVD/ အလွိုင်း၊ Steering Volume ဘက်မှန်မီးကျောက် 2WD. Auto gear၊ မှန်မည်း၊ အနီရောင်။
2. MAZDA Demio 2010 model. Ori TV/back cam. ရှားပါးအတွင်းခန်း၊ အဖြူ မှန်မည်း၊ 2WD. Auto gear. sexy red color ၂လုံးစီး ကီလိုနည်း၊ ကားသန့်ပါသည်။

ဖုန်း 09-252857988, 09-73057092

# တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း သဘာဝဓေါ်သံဖောင်ဒေးရှင်းမှ ကျန်းမာရေး အထောက်အကူအပြုအဖွဲ့ဝင်များ အင်းမကျေးရွာအုပ်စု၌ အခမဲ့ဆေးကုသပေး

**ညောင်တုန်း အောက်တိုဘာ ၁**

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝဓေါ်သံဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌဦးမျိုးသန့်ဦးဆောင်သော ကျန်းမာရေးအထောက်အကူအပြုအဖွဲ့ဝင် ၂၀ တို့သည် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အင်းမကျေးရွာအုပ်စုသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူ ၄၆၄ ဦးအား အသေးစားခွဲစိတ်မှု ၆ ခုအပါအဝင် အထွေထွေဆေးကုသမှုများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“အင်းမကျေးရွာအုပ်စုက အခုထိစိုးရိမ်ရေမှတ်အောက်မှာရှိနေတုန်းပဲ။ ဒီတော့ ဆရာတို့အဖွဲ့က ဆေးလာကုသတဲ့ လူနာတွေကို အခမဲ့ဆေးကုသပေးတဲ့အပြင် ရိက္ခာနဲ့ အခြားလိုအပ်ချက်တွေကိုပါ ထောက်ပံ့ပေးခဲ့တယ်။ ပြီးတော့ သဘာဝဘေးအန္တရာယ်ကျရောက်ခံစားခဲ့ရတဲ့ ပြည်သူတွေအတွက်လိုအပ်တဲ့ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲပြုလုပ်ပေးပြီး ဆေးကုသမှုအစီအစဉ်မှာလိုက်ပါလာတဲ့ ဆရာဝန်၊ သူနာပြုတွေကပဲ သွေးတိုး၊ ဆီးချိုနှင့် ကူးစက်ရောဂါများကာကွယ်ရေး၊ သားဆက်ခြားပညာပေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးစတာတွေအတွက် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပေးခဲ့ပါတယ်” ဟု ဦးမျိုးသန့်က ပြောသည်။

တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း သဘာဝဓေါ်သံဖောင်ဒေးရှင်း ရေဘေးကယ်ဆယ်ကူညီရေးကော်မတီသည် ၂၀၁၅ ခု ဩဂုတ်လမှ ယခုအချိန်ထိ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ရေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရိက္ခာအဝတ်အထည်နှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေဘေးသင့်ကျေးရွာအုပ်စုတွင် မိုးစပါးစိုက်ဧကများအားလုံး ဆုံးရှုံးခဲ့ပြီး နွေစပါးစိုက်ပျိုးရန်အတွက် မျိုးစပါးများ အခက်အခဲဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ **(ကြေးမုံ)**

## ငှက်ပျောပင်ကို စီးပွားဖြစ်စိုက်ပျိုးသူများလာ

**တံတားဦး အောက်တိုဘာ ၁**

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖီးကြမ်းငှက်ပျောကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။ ငှက်ပျောသည် အကြမ်းအတမ်းခံသည်ဟုဆိုနိုင်ပြီး စီးပွားရေးအရ တွက်ခြေကိုက်လှသည်။ ငှက်ပျောစိုက်ရန်အတွက် ထယ်ရေးပြင်ပြီးသည်နှင့် ငှက်ပျောစိုက်ကျွမ်းကျင်သူတို့နှင့် ငှက်ပျောပန္နက်ကို ရိုက်ကြရသည်။ ငှက်ပျောပန္နက်ရိုက်ပြီးသည်နှင့် ငှက်ပျောကျင်းတို့ကို တူးကြရသည်။ ငှက်ပျောကျင်းတူးရာတွင် ငှက်ပျောစို့စိုက်နိုင်ရန် တစ်ထွာကျော်နှစ်ထွာခန့်တူးရပြီး ငှက်ပျောကျင်းအတွင်း မြေဆီခံပေးကြရသည်။

အများစုမှာ ဒေသအခေါ် ခြောက်တောင်ခန့် ထွန်ဝင်ဖြစ်အောင် အတန်းပြုလုပ်ပြီး ခုနစ်တောင်စွယ်စုံစိုက်ကြရသည်။ ငှက်ပျောစိုက်ပြီးသည်နှင့် ရေတင်ခြင်း၊ မြေပြုလုပ်ပေးခြင်း၊ မြေဆီကျွေးခြင်းတို့ကို စနစ်တကျပြုလုပ်ပေးကြရပေသည်။ ငှက်ပျော၏သဘာဝအရ အပင်ပွားနှုန်းကောင်းပြီး သားတက်ထွက်လေ့ရှိသည်။ ထိုအတက်များကို သားခွဲပေးရလေ့ရှိသည်ဟုဆိုသည်။ ငှက်ပျောခင်းတွင် မြေဆီ၊ ပုလဲတို့ကို ကျွေးပေးရလေ့ရှိသည်။ ငှက်ပျောမှာ အပြုအစုအယုအယကောင်းပါက ရှစ်လခန့်တွင် ငှက်ပျောခိုင်ထွက်လေ့ရှိသည်။ အခိုင်ထွက်ပြီး လေလအကြာတွင် အောင်မြင်ရင့်မှည့်သော ငှက်ပျောခိုင်ကို ခုတ်ယူရောင်းချနိုင်သည်။

ယခုနှစ်တွင် ငှက်ပျောဈေးကောင်းသောနှစ်ဟုလည်း ဆိုကြပြီး ငှက်ပျောစိုက်တောင်သူ များပြားလျက်ရှိသည်။ အထူးသဖြင့် တံတားဦးလေယာဉ်ကွင်းသွားရာ လမ်းတစ်လျှောက်နှင့် အခြားနေရာအနှံ့အပြားတွင် ငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ငှက်ပျောစိုက်ပျိုးရန် ငှက်ပျောစို့တစ်စို့ကို ငွေကျပ် ၄၅ ကျပ်၊ ၅၀ ပေးကြရသည်။ ငှက်ပျောစိုက်ရာတွင် စွယ်စုံစိုက်လေ့ရှိကြသည်။

မြေတစ်ဧကလျှင် ငှက်ပျော ၇၀၀ ခန့်စိုက်နိုင်သည်။ လက်ရှိကာလပေါက်ဈေးအရ တွက်ချက်မည်ဆိုပါက ငှက်ပျောလှည်းတစ်စီး အခိုင် ၄၀ ကို ငွေကျပ် ၁၆၀၀၀၀ ပေးရသည်။ တစ်ဧကဆိုပါက ငှက်ပျော ၁၅ စီး၊ ၁၆ စီးထွက်ပြီး ငွေကြေးတန်ဖိုး ၂၅ သိန်းကျော်ရသည်ဟု ဆိုသည်။ ငှက်ပျောတစ်ခိုင်လျှင် ပုံမှန်ခြောက်ဖီးတန်းသတ်မှတ်ပြီး အဖီးပိုပါက ဖီးပိုစားရလေ့ရှိသည်။ ငှက်ပျောတစ်သီးပြီးပါက ထိုအကွက်ထဲပင်ကြားတန်းနေရာပြောင်းကာ စွယ်စုံပြန်စိုက်လေ့ရှိသည်။ ငှက်ပျောသည် အကြမ်းခံသည့်အပြင် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက် ဝင်ငွေတိုးသော သီးနှံတစ်ခုပင်ဖြစ်ကြောင်း သိရသည်။ **တိမ်တမန်**

## သတ္တုသန့်စင်စက်ရုံတွင် ဟောပြောပွဲနှင့် စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်



**လားရှိုး အောက်တိုဘာ ၁**

လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခါးသျှိကျေးရွာ၌ရှိသော သတ္တုသန့်စင်စက်ရုံတွင် ဟောပြောပွဲနှင့် ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ၎င်းစက်ရုံရှိစာကြည့်တိုက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲနှင့် ရွှေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုအခမ်းအနားတွင် လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာဖတ်ခြင်းနှင့်ပတ်သက်ပြီး ပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် သုတစာအုပ် ၅၀ အုပ်အား တစ်ပတ်တစ်ကြိမ် ငှားရမ်းမှုစနစ်ဖြင့် ငှားရမ်းပေးပြီး နံရံကပ်စာပေရေချမ်းစင်မှ စာစဉ်များနှင့် ဂျာနယ်များလှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းစက်ရုံတွင် ဝန်ထမ်းပေါင်း ၄၀၀ ကျော်ရှိပြီး စာဖတ်ဝါသနာပါသူများအနေဖြင့် အားလပ်ချိန်များတွင် စာပေဗဟုသုတ တိုးပွားစေရန် စက်ရုံတွင် စာကြည့်တိုက်ဖွင့်ပေးထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျောင်းကြက်ခြေနီရှေးဦးပြုစု အခြေခံသင်တန်းဆင်း

**မင်းဘူး အောက်တိုဘာ ၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကိုမင်းက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် မန်နေဂျာအားဂုဏ်ပြုလက်မှတ် ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မင်းဘူးမြို့နယ် အ. ထ. က(၁)၊ အ. ထ. က(၂)၊ အ. ထ. က(ခွဲ)မြို့မ၊ အ. လ. က (ရွှေရောင်တော်)ကျောင်းများရှိ အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးအား မြို့နယ်ကြက်ခြေနီနည်းပြ ဆရာ၊ ဆရာမ ၁၀ ဦး စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်ထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

Super Rich Man
Swimming Pool Specialize Company
ရေကူးကန်နှင့်ပတ်သက်သော လုပ်ငန်းအားလုံး နေရာဒေသမရွေးတာဝန်ယူဆောင်ရွက်ပေးပါသည်။
* ရေကူးကန် တည်ဆောက်ခြင်းလုပ်ငန်းကို ပေါက်ကြားခြင်းနှင့် ဆူနာမီဖြစ်ခြင်းတို့မှလွဲ၍ကိုင်ခံ့မှုကို (၂၅)နှစ်အာမခံဖြင့်တည်ဆောက်ပေးသည်။
* ရေကူးကန်ထိန်းသိမ်းရေး လုပ်ငန်းကိုလစဉ်ဆောင်ရွက်ပေးပါသည်။
* ရေကူးကန်သုံး စက်ပစ္စည်းများ အားလုံးရောင်းချပေးပါသည်။
* ရေကူးကန်သုံး ကြွေပြားများ သီးသန့်ရောင်းချပေးပါသည်။
* ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဒီဇိုင်းရေးဆွဲပေးခြင်း၊ ခန့်မှန်းခြေကုန်ကျစရိတ် တွက်ချက်ပေးခြင်းတို့ဆောင်ရွက်ပေးပါသည်။
* ရေကူးကန်ရှိပြီးသောသူများအတွက်ရေသန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်ပေးပါသည်။
* ရေကူးကန်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြေ့နေပါက အသစ်လဲလှယ်တပ်ဆင်ပေးပါသည်။
01-401518, 01-8604064
Show Room: အမှတ်(၂၉-ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
Ph: 09-784711147, 09-784722247, 09-784733347

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

စာသမားတို့ရဲ့
အာမှုန်း
ရသစုံစာစဉ်
ဆိုင်ပေါ်ရောက်ပါပြီ
ဖုန်း - ၀၉-၄၀၂၆၇၁၉၅

ရောင်းမည်။
(1)ဘုရင့်နောင်ပွဲရုံတန်း၊ အင်ကြင်းလမ်းနှင့်ဓရေလမ်းထောင့်ကွက် 63' x 74'
(2)လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားလမ်းမပေါ်လမ်းထောင့်ကွက် 60' x 40'
(3)ပြင်ဦးလွင်မြို့၊ စားသွေးကျောက်ရွာ၊ ရွာမြေ 70' x 70'
09-799991920, 09-5001920

Topsyne® HERBAL CREAM
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
သုံးစွဲသူများ အတွက် အထူးကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု



မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း ၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

# Congratulations

Our heartiest welcome and warmest congratulations

on the successful opening of

**Maybank** Maybank

Yangon branch in Myanmar on 2nd October 2015.

Wishing you further success and achievements in providing excellent banking services

to benefit the economic development of Myanmar.

Chairman
and Board of Directors
**KBZ BANK LTD.**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MARINE RELIANCE V.10သင်္ဘောသည် ၂-၁၀-၂၀၁၅ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်း သို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တဲတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်တာများဖြစ်ကြသော ဦးစောမင်းမြင့်[၉/မထလ(နိုင်)၀၂၀၀၂၄] ဦးဇော်ဇော်(ခ)ဦးကျော်ဝဏ္ဏ[၉/မနပ(နိုင်)၀၆၁၄၄၉]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၅)၏ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စော[၁၂/သခန(နိုင်)၀၂၅၃၀၃]၏ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ကလျာကြည်[၅/ပလဘ(နိုင်)၀၄၃၆၁၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်(၂/ည ၂၂/၁၁)၊ ဧရိယာ (၀. ၄၀)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်နှင့် ကန့်ထရိုက်တာများသည် ၂၄-၁၀-၂၀၁၄ရက်စွဲပါ (၅)ထပ် Penthouse ဓာတ်လှေကား၊ ကားပါကင်ပါဝင်သော ကွန်ဒိုအဆောက်အအုံ(၃)လုံး ဆောက်လုပ်ရန် နှစ်ဦးသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြသော်လည်း ကန့်ထရိုက်တာများသည် စာချုပ်ပါစည်းကမ်းချက် များအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိပါသောကြောင့် မြေပိုင်ရှင်က ၃-၇-၂၀၁၅ရက်စွဲပါ အကြောင်းကြားစာဖြင့် ၂၄-၁၀-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ ကန့်ထရိုက်တာစာချုပ်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ထရိုက်တာများထံမှ ကွန်ဒိုတိုက်ခန်း ကြိုတင်ဝယ်ယူထားသူများရှိပါက မြေပိုင်ရှင်နှင့်လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ရီရီတင်(၁၉၉၅) တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း(၁)အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရုံးခန်း(၂)အမှတ်-၉၀၊ လမ်း(၄၀) မြေညီ၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၃၇၁၇၅၅၊ ၀၉-၅၀၁၈၃၄၅၊ ၀၉-၇၈၅၀၀၈၃၄၅၊ ၀၉-၉၇၆၅၆၅၆၇၁**

PATHLAB SINCE 1952
**25% Discount**
for medical health check up

Care about your **family** Care about your **health**



သင့်မိသားစုအား ဂရုစိုက်သကဲ့သို့ သင့် ကျန်းမာရေးကို ဂရုစိုက်သင့်ပါသည်။
ကျန်းမာရေးစစ်ဆေးရန် ယခုပင် ဆက်သွယ်လိုက်ပါ။

**Expiry : 31.10.2015**

Visit us today
For Your Medical Checkup

**Medical Health Check Profile A**
ကျန်းမာရေးစစ်ဆေးမှုပုံစံ (က)
Blood Test [illegible] (သွေးစစ်ခြင်း)
Physical Examination (ခန္ဓာကိုယ်စစ်ဆေးခြင်း)
ECG (အီးစီဂျီ)
~~32,[illegible] Ks~~ 24,500 Ks
25% Discount

**Medical Health Check Profile B**
ကျန်းမာရေးစစ်ဆေးမှုပုံစံ (ခ)
Blood Test (29 Tests) (သွေးစစ်ခြင်း)
Physical Examination (ခန္ဓာကိုယ်စစ်ဆေးခြင်း)
ECG (အီးစီဂျီ)
~~64,[illegible] Ks~~ 49,000 Ks
25% Discount

**Medical Health Check Profile C**
ကျန်းမာရေးစစ်ဆေးမှုပုံစံ (ဂ)
Blood Test (36 Tests) (သွေးစစ်ခြင်း)
Physical Examination (ခန္ဓာကိုယ်စစ်ဆေးခြင်း)
ECG (အီးစီဂျီ)
~~91,[illegible] Ks~~ 69,000 Ks
25% Discount

**Digital X Ray**
~~12,000 Ks~~ 9,000 Ks

[illegible]
No. 166(A), Dhamma Zedi Road, North Shwe Gone Dine Ward, Bahan Township, 11201 Yangon, Myanmar.
Ph : (+95) 9420010788, 9420010789, 9420100178


၅၀%
ငွေဖြည့်အပိုလက်ဆောင်ရယူလိုက်ပါ
သီတင်းကျွတ်မှာ ချစ်ခင်ရသူတွေနဲ့ ဆက်သွယ်လိုက်ပါ
ooredoo
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

PS GRADUATE SCHOOL
EDUCATION: GLOBALLY RECOGNIZED YOUTH

BTEC Approved Center No.95965

HND (BUSINESS MANAGEMENT)

INTAKES: OCT, JAN, MAY



ယခုစတင် စာရင်းပေးသွင်း နိုင်ပါသည်။



No.7, Ma Kyee Kyee Street, Sanchaung Tsp., Yangon, Myanmar.
09 252 959 669, 09 252 959 779.
info@myanmarprofessionalservices.com

ဂျပန်ဘာသာစကားပြောအထူးအမြန်သင်တန်း
အင်ဂျင်နီယာများအတတ်ပညာရှင်များနှင့်သာမန်အလုပ်သမားများအတွက်ဂျပန်ကုမ္ပဏီများ၌အင်တာဗျူးဖြေဆိုနိုင်ရန်နှင့်ဝင်ရောက်လုပ်ကိုင်နိုင်ရန်အထူးအမြန်သင်ကြားပေးသည်။ အထူးအစီအစဉ် – အခမဲ့နာရီ၂၀မိတ်ဆက်ဂျပန်စကားပြောသင်တန်းကိုမနက်/ညနေတန်းခွဲများနှင့်စနေ/ တနင်္ဂနွေတန်းခွဲများရှိသည်။စာရွက်စာတမ်းအခမဲ့ဝန်ဆောင်မှုနှင့်လမ်းညွှန်အကြံပြုပေးမှုများဆောင်ရွက်ပေးပါသည်။
*သီးသန့်အလုပ်ခွင်ဝင်သင်တန်းရှိသည်*
(လစဉ်/လဆန်းတန်းခွဲသစ်များဖွင့်သည်၊ နယ်မှကျောင်းသူ/ကျောင်းသားများအတွက် နေ/စားငြိမ်းစီစဉ်ပေးပါသည်၊)
ဆက်သွယ်ရန် - ဆရာဂျို - ၀၉-၂၅၄၂၇၈၅၈၂ , ၀၉-၂၅၃၆၆၈၄၁၃
သင်တန်းနေရာ - No.9/E 2-B, ဝေဇယန္တာလမ်း,ဇ/တောင်ရပ်ကွက်သဃ်န်းကျွန်းမြို့နယ်,ရန်ကုန်တိုင်းဒေသကြီး၊
လမ်းညွှန် - သဃ်န်းကျွန်းအသင်းတိုက်မှတ်တိုင်လမ်းဆုံ,ရေဝတီဘဏ်ရှေ့မျက်နှာချင်းဆိုင်

၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်သည်
သီရိရွှေဝါ မိုးထည်

အင်းလျားလမ်း (ဓမ္မစေတီလမ်းအနီး)၊ ကမာရွတ်မြို့နယ်။
Ph: 09-26 4545 008, 09-26 4545 009
NOW OPEN Hot Line 01-393143

BOSS အဆင့်မြင့် ပါကေးအခင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်အနီး ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး အောင်မင်္ဂလာမှတ်တိုင်အနီး ဥက္ကလာလမ်း
Ph : 09-5425251, 09-73225484

မှုခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့
မှုခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(၂/29)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017
★မတော်တဆသေဆုံးမှုမှ လူသတ်အမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ရတဲ့ဖြစ်ရပ် ★မူကြိုကျောင်းတက်နေသူလေးသေဆုံးသွားတဲ့ဖြစ်ရပ် ★သားတစ်ယောက်ကသေ တစ်ယောက်ကဒဏ်ရာရအောင် ဓားနဲ့ခုတ်၊ သံတုတ်နဲ့ရိုက်ကြသူများကို ဖမ်းဆီးအရေးယူပြီ ★ကားဂုံးစီးသူကို ကားပေါ်ကတွန်းချကာ ပစ္စည်းများလုယက်မှုဖြစ်ပွား ★နေအိမ်အတွင်းမှာဖမ်းမိခဲ့တဲ့ မူးယစ်ဆေးဝါး ★ထိန်းကျောင်းပေးမယ်ဆိုကာ (၃)နှစ်သမီးလေးကို အဓမ္မပြုကျင့်မှုဖြစ်ပွား ★အကောက်ခွန်မဲ့ပစ္စည်းတွေ သယ်ဆောင်လာလို့ အရေးယူခံရပြီ ★ဆိုင်ကယ်လုပြီး ထွက်ပြေးသူနှစ်ဦးကို လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးခဲ့တဲ့ လိုင်သာယာကဖြစ်ရပ် ★စွပ်စွဲကာယောက်ျားကိုဓားနဲ့ထိုးတဲ့ဖြစ်ရပ် ★မင်းမဲ့စရိုက်ဆန်ဆန် ခြိမ်းခြောက်ငွေတောင်းတဲ့ဖြစ်ရပ် ★ပြေစာယူဖို့ပြောဆိုတဲ့ တာဝန်ကျယာဉ်ထိန်းရဲကို ဓားနဲ့ထိုးသတ်လိုက်တဲ့ဖြစ်ရပ် ★နွားလှည်းနဲ့ ပဲခင်းထဲသွားသူ နွားလှည်းပဲပြန်ရောက်လာပြီး လူမပါလာတော့တဲ့ဖြစ်ရပ် ★ငွေကြေးကွာဟမှုကြောင့် လူသတ်မှုဖြစ်ပွားခဲ့တဲ့ ရွှေပြည်သာကဖြစ်ရပ် စတဲ့သတင်းများနဲ့အတူ .....................ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံမဏိက်သည့် အဆင့်မြင့် စတီး အလိတ်အေးသွားရွေးကြီးများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) -
Ph:01-545531,01-8603141, 09-5008161
အရောင်းခန်းမ(၂) -
Ph : 01-656521, 09-421024741
အရောင်းခန်းမ(၃) -
Ph: 01-642748, 09-421024711, 09-421024811

မြင့်မြတ် အမှတ်တံဆိပ်
အမွှေးပြေသောက်ဆေး
ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံ့ခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအားနည်းခြင်းများအတွက်သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးထုတ်ကုန်မှတ်ပုံတင်အမှတ် - TMR 011342 (0118)
ပင်ရင်း – မြကျွမ်းဆေးတိုက်နှင့် ဆေးကုဌာန – ဖုန်း – ၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၁၉။


သဘောကျစရာသည် တီဘီ၊ ချွေးသန့်၊ အဆီပ်ပြေကျန်းမာရေးကောင်းစေ၏ ။
☎ 01-8500355

# MYANMAR GOLF TOUR 2015

MYANMAR GOLF FEDERATION

PROFESSIONAL GOLFERS ASSOCIATION PGA MYANMAR

MYANMAR GOLF TOUR


**Presented by**

မြန်မာ့ရှေ့ဆောင်ဘဏ် ®

၈ - ၁၁ ၊ အောက်တိုဘာလ ၊ ၂၀၁၅
အေးသာယာဂေါက်ကလပ်၊ တောင်ကြီး

---

## အလုပ်အကိုင် အခွင့်အလမ်း သေချာသော Short Course များကို MHR တွင် စတင် တက်ရောက်နိုင်ပါပြီ။



**Certificate in Finance & Accounting for Nonfinance Personnel**
**(6 weeks)**

**Module(1)** Introduction to Finance & Accounting
**Module(2)** Fundamentals of Book-keeping & Accounting
**Module(3)** Sources and Uses of Funds
**Module(4)** Understanding Financial Statements
**Module(5)** Working Capital Management & Budgeting

**+ one day workshop**

သင်ကြားမည့် ဆရာမများ
Prof. Dr. Daw Hla Myint, Daw Htay Htay Myint, Dr. Aye Aye Mar

MHR
CIMA
abe
LCCI

၂၇၊ မြေညီထပ်၊ အဆောင် E၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း 09-73223777, 09-8628878

---

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေး၀ယ်သည်။
09-6809893
09-6819020

---

### သားအဖြစ်မှစွန့်လွှတ်ခြင်း

ဒေါ်သန်းနွဲ့၏သား မောင်ဇင်ဝေလင်း[၁၂/ဒဂတ(နိုင်)၀၄၉၁၇၁]သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး အိမ်မှထွက်ခွာသွားပါသဖြင့် ၎င်းအား မိသားစုအဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင် ဒေါ်သန်းနွဲ့
[၁၂/ဒဂန(နိုင်)၀၀၆၉၉၈]

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုကေခိုင်(ခ)ဒေါ်ဖြူဝင့်ခိုင်(ဘ)ဦးငွေဘော်[၁၄/ဖပန(နိုင်)၁၃၇၃၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆုကေခိုင်သည် ဦးယုမောင်[၁၂/လမန(နိုင်)၁၁၂၉၈၂]နှင့် ၂၃-၁၀-၂၀၀၈ရက်တွင် အိမ်ထောင်ကျခဲ့ပြီး ၄-၃-၂၀၁၅ရက်တွင် ဦးယုမောင်ကွယ်လွန်ခဲ့ပါသည်။

ရန်ကုန်မြို့၊ မေဖလားဝါးထရေးဒင်းကုမ္ပဏီလီမိတက် (ချင်းစုမြန်မာအဆောက်အအုံ)၏ နဝဒေးအိမ်ရာစီမံကိန်းမှ ရောင်းချသည့် အောက်တွင် ဖော်ပြထားသော ပစ္စည်းစာရင်းဇယားပါ မရွှေ့ပြောင်းနိုင်သောပစ္စည်းကို ဒေါ်ဆုကေခိုင်၏ခင်ပွန်းဖြစ်သူ ဦးယုမောင်က အပိုင်ဝယ်ယူသူအဖြစ် ၂၆-၃-၂၀၁၁ရက်စွဲပါ (နဝဒေးအိမ်ရာစီမံကိန်းအရောင်းအဝယ်ကတိစာချုပ်)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဦးယုမောင်ကွယ်လွန်သွားသည့်အခါတွင် ဒေါ်ဆုကေခိုင်သည် ဦးယုမောင်၏တစ်ဦးတည်းသော တရားဝင်ဇနီးအဖြစ်ကျန်ရှိခဲ့ပြီး အောက်တွင်ဖော်ပြထားသည့် ပစ္စည်းစာရင်းဇယားပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်ဆုကေခိုင်တစ်ဦးတည်းပိုင်ဆိုင်သော ပစ္စည်းဖြစ်ပါသည်။

ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ဦးယုမောင်အမည်ဖြင့် ဂရန်လျှောက်ထားခဲ့ပြီး ယခုအခါတွင် ယင်းမြေငှားဂရန်အား ဒေါ်ဆုကေခိုင်က ထုတ်ယူရမည်ဖြစ်ရာ အဆိုပါမြေငှားဂရန်ထုတ်ယူမည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက တိကျခိုင်မာသော တရားဝင်အထောက်အထားအပြည့်အစုံနှင့် ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်(တစ်ဆယ့်လေးရက်)အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပစ္စည်းစာရင်းဇယား**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အဆင့်(၃)၊ ဒေါင်ကြီးခွင်တောင်ပိုင်းမြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၉၉)၊ ဧရိယာပေ(၆၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအမှတ်(၁၁/၁၁)ဟုခေါ်တွင်သည့် နဝဒေးလုံးချင်းအိမ်ရာ အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်တင်တင်မာ** | **ဦးကျော်ရင်** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်-၉၃၀၈)** | **(စဉ်-၁၉၀၂)** |
| **ဖုန်း-၀၉-၄၂၈၁၆၅၈၃၇** | **ဖုန်း-၀၉-၈၆၁၁၂၉၀** |
| | **၀၉-၇၃၁၀၀၅၈၅** |

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း-၁၀၃(အေ/ဘီ)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်နိုင်(၁၂/ပဘတ(နိုင်)၀၁၈၀၈၄)နှင့် ဒေါ်ခင်မာဆွေ(၁၂/မဂတ(နိုင်)၀၈၃၇၁၉)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေများသည် ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊လူနေရပ်ကွက်အမှတ်-သမိုင်း၊မြေကွက်အမှတ်-၉/ဆ ^၁၂^ ၊ မြေအမျိုးအစား-B၊ ဧရိယာ(၀.၀၄၆၅)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်(၁၅၅)၊မစိုးရိမ်ကျောင်းလမ်း၊အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အဆောက်အဦးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၄၀၆၂/၂၀၀၁)ဖြင့် မှတ်ပုံတင်ထားပြီးဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်နှင့် အဆောက်အဦးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေများမှလွှဲပြောင်းခြင်း၊ရောင်းချခြင်း၊ ပေါင်နှံခြင်း၊အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်းနှင့်ကျွန်ုပ်တို့၏ မိတ်ဆွေများမှသာပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | | |
|---|---|---|---|
| ဦးမြင့်သိန်း | ဦးခင်ဇော်လတ် | ဦးလှမောင် | ဒေါ်ဆွေဆွေအောင် |
| B.A(Law),(LL.B) | (LL.B, C.B.L) | B.A, H.G.P | (LL.B, D.B.L) |
| | WIPO(Switzerland) | | |

ဘာရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ

Excellent ဥပဒေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း
ဖုန်း-၀၉ ၇၃၂၃၁၉၈၉၊ ၀၉-၅၁၉၈၂၅၇ ၀၉ ၄၃၀၁၂၉၂၇

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပင်ကလောင်ကျေးရွာအုပ်စု၊ သုံးခွကျေးရွာနေ ဦးလှမြင့်[၇/ကဝန(နိုင်)၀၀၂၇၅၈]၊ ဒေါ်မြင့်ကြည်[၇/ကဝန(နိုင်)၀၀၂၇၇၇]တို့၏ သမီးဖြစ်သူ မစနေ(ခ)မတင်တင်ထွေးသည် မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးလှမြင့်-ဒေါ်မြင့်ကြည်

## မာတိကာ

**နိုင်ငံခြားသား ခရီးသွားဧည့်သည် တိုးတက်မြင့်မားလာမှုနှင့် အတူ ပွင့်လင်းရာသီအမီ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများ တိုးချဲ့ဖွင့်လှစ်**
စာမျက်နှာ - ၂

**ရထားတွဲများ သန့်ရှင်း သပ်ရပ်ရေး ဝန်ဆောင်မှု တိုးမြှင့်လုပ်ဆောင်**
စာမျက်နှာ - ၁၁

**ရီးယဲလ်နဲ့ သမိုင်းသစ် ရေးထိုးနိုင်ခဲ့တဲ့ စီရိုနယ်လ်ဒို**
စာမျက်နှာ - ၁၃

# ရေဘေးသင့်ပြည်သူများအတွက် ပရဟိတရန်ပုံငွေ ဂီတဖျော်ဖြေပွဲမှရရှိသော လှူဒါန်းငွေများ ပေးအပ်သည့်အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်

**ရန်ကုန်  အောက်တိုဘာ ၁**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ ပရဟိတရန်ပုံငွေ ဂီတဖျော်ဖြေပွဲမှရရှိသော လှူဒါန်းငွေများအား ရေဘေးသင့်ပြည်သူများအတွက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ SKY Star ဟိုတယ်၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျှန်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျှန်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့က ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများ အတွက်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖




**ဒုတိယသမ္မတ ဦးညဏ်ထွန်းက ရေဘေးသင့်ပြည်သူများအတွက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ လှူဒါန်းသည့် လှူဒါန်းငွေများ လက်ခံစဉ်။** (သတင်းစဉ်)

# ဧရာဝတီကို ရတနာပုံ ဂိုးပြတ်သွင်း

**သတင်းနှင့် ဓာတ်ပုံ - ချစ်ကိုကို**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရွှေ့ဆိုင်းပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁၆) နောက်ဆုံးနေ့ပွဲစဉ်ကို ယနေ့ ညနေပိုင်းက ဗထူးကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက ဧရာဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ရတနာပုံ - လေးဂိုး**
**ဧရာဝတီ - တစ်ဂိုး**

ယခုရာသီတွင် ဧရာဝတီအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် ရတနာပုံအသင်းမှာ ယခုပွဲစဉ်တွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ဧရာဝတီအသင်းမှာ လူစုံနီးပါး ပါဝင်ခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရတနာပုံအသင်းမှာ အိမ်ကွင်း၌ ခြေအသာဖြင့် ဖိကစားကာ နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဧရာဝတီအသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ရင်ဆိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ

**စာမျက်နှာ ၅ ကော်လံ ၅ သို့** ○



# ထိုင်းနှင့် မြန်မာနိုင်ငံကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်ရှိခဲ့

**သုတ**

မဲဆောက်-မြဝတီစစ်ဆေးရေးဂိတ်မှတစ်ဆင့် ထိုင်းနှင့်မြန်မာနိုင်ငံကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှာ စက်တင်ဘာ ၃၀ ရက်က ပြီးဆုံးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ဘတ် ၆၀ ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ထက် ၁၂ ဒသမ ၃၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ထိုင်းအကြီးတန်း အကောက်ခွန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု ဘန်ကောက်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

ထိုသို့ ကုန်သွယ်မှုပမာဏမြင့်တက်လာခြင်းမှာ မဲဆောက်-မြဝတီ-ကော့ကရိတ်လမ်းဖွင့်လှစ်မှုနှင့် လာမည့်ဒီဇင်ဘာလတွင် စတင်တော့မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)အတွက် ကြိုတင်ပြင်ဆင်မှုများကြောင့်ဟု မှတ်ယူရကြောင်း မဲဆောက်အကောက်ခွန်ဂိတ်အကြီးအကဲ ကက်တီဆူသီဆန်ဖန်က ပြောကြားသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကြားနယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှာ ဘတ် ၆၆ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၁၁ သန်း) ရှိခဲ့ကြောင်း မဲဆောက်အကောက်ခွန်ရုံး၏ နှစ်စဉ်အစီရင်ခံစာကဆိုသည်။ အနာဂတ်တွင် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမှာ ဆက်လက်မြင့်တက်ရန် အလားအလာကောင်းများရှိနေသည်။ တစ်နှစ်လျှင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို ဘတ် ၁၀၀ ဘီလီယံမှ ၂၀၀ ဘီလီယံထိ တိုးမြှင့်လုပ်ဆောင်မည့်မူဝါဒတစ်ရပ်ကို ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက အစောပိုင်းက ကြေညာခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪




themirror.npt@gmail.com
www.facebook.com/themirrordaily

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ





























**ရွေးကောက်ပွဲကျင်းပရန် ၃၇ ရက်သာ လိုတော့သည်။**

# မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ဟောပြောတင်ပြ

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးခိုင်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို အောက်တိုဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူ တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ကောင်းကျိုးလိုအင်ဆန္ဒများနှင့် ပြည့်စုံပါစေကြောင်း ကျွန်တော်နှင့်အတူ **"မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"** ဝင်များအားလုံးကနေ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ "မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ" "PPMFW" ရဲ့ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးခိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ နိုင်ငံရဲ့အဓိကအင်အားစုကြီးဖြစ်တဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများနဲ့ လက်လုပ်လက်စားပြည်သူများကို ကိုယ်စားပြုပြီး အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့ ဟန်ချက်ညီညီပူးပေါင်းပါဝင်မှုနဲ့အတူ ဖွဲ့စည်းတည်ထောင်ထားတာ ဖြစ်ပါတယ်။ လက်လုပ်လက်စား အခြေခံလူတန်းစား ပြည်သူများကြုံတွေ့နေရတဲ့ ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်အောင် ဥပဒေဆိုင်ရာအကာအကွယ်တွေ အမှန်တကယ်ရရှိနိုင်အောင်နဲ့ ကမ္ဘာ့နိုင်ငံများနဲ့တန်းတူ ရင်ပေါင်တန်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်သော ချမ်းသာကြွယ်ဝသော စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"ရဲ့ **အဓိက ဦးစားပေးနိုင်ငံရေးမူဝါဒသဘောတရားများ**ကို တင်ပြသွားမှာဖြစ်ပါတယ်။

(၁) ဒီမိုကရေစီစံနှုန်းများနဲ့ ကိုက်ညီသော ပြည်သူဗဟိုပြုတဲ့ သန့်ရှင်းသော အစိုးရအုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာစေရေး၊
(၂) မှန်ကန်မျှတသော လွတ်လပ်ပွင့်လင်းသော တရားဥပဒေစိုးမိုးရေး၊
(၃) ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ ညီညွတ်မျှတသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး။

ကောင်းမွန်သော သန့်ရှင်းသော ပြည်သူကိုဗဟိုပြုတဲ့ အစိုးရအုပ်ချုပ်ရေးစနစ်တည်ဆောက်မယ်ဆိုရင် ဒီမိုကရေစီစံနှုန်းများနဲ့အညီ ပြည်သူ့ဆန္ဒအရ ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်ရာနှုန်းပြည့်နဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ဖြစ်ရပါမယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ခရိုင်နဲ့မြို့နယ်အဆင့် အုပ်ချုပ်ရေးနေရာများမှာ ပြည်သူ့ကိုယ်စားလှယ်များနဲ့သာ အစားထိုးရမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ပွင့်လင်းမြင်သာမှုရှိရေး ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချပြီးတော့ အမြော်အမြင်ကြီးမားတဲ့ ပညာရှင်များရဲ့ အခန်းကဏ္ဍကိုလည်း ပါဝင်စေရပါမယ်။

**တရားဥပဒေစိုးမိုးရေး**မှာလည်း တည်ဆဲဥပဒေတွေကိုပဲ အတင်းစိုးမိုးနေရုံနဲ့မလုံလောက်ပါဘူး။ တရားမျှတတဲ့ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ဖို့၊ ပြင်ဆင်နိုင်ဖို့နဲ့ မမျှတ မလိုအပ်တဲ့ ဥပဒေချုပ်ကိုင်မှုတွေကို ဖျက်သိမ်းနိုင်ဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**တရားစီရင်ရေးစနစ်**မှာလည်း လာဘ်ပေးလာဘ်ယူ အဂတိကင်းရှင်းဖို့ အရေးကြီးသလို ပွင့်လင်းမြင်သာတဲ့ အုပ်ချုပ်ရေးအာဏာမှကင်းလွတ်တဲ့ တရားစီရင်ရေးမျိုးဖြစ်ရပါမယ်။ ဥပဒေအရမည်သူ့ကိုမဆို တရားစွဲဆိုပိုင်ခွင့်ရှိရပါမယ်။ အပြန်အလှန်အားဖြင့် တရားစွဲဆိုခံရသည့် မည်သည့်ပုဂ္ဂိုလ်မဆို ဥပဒေကြောင်းအရ ခုခံချေပနိုင်ခွင့်နဲ့ အခြားဥပဒေဆိုင်ရာ အခွင့်အလမ်းများ တန်းတူညီမျှစွာ ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီး ဥပဒေတွေရဲ့ စိုးမိုးရေးလုပ်ငန်းစဉ်များမှာလည်း ပြည်သူအားလုံး လေးစားလိုက်နာတတ်စေရန် ဥပဒေဆိုင်ရာအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများ လွတ်လပ်စွာပေါ်ထွန်းစေပြီး ပြည်သူပါဝင်မှုနဲ့အတူ တရားဥပဒေစိုးမိုးရေးနယ်ပယ်ဟာလည်း ပိုမိုအားကောင်းလာစေမှာ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့အတူ တွဲလျက်ပါလာခဲ့တဲ့ ပြည်တွင်းစစ်မီးဟာလည်း ဒီကနေ့အထိ အမွေဆိုးတစ်ခုဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ကနေပြီး ယနေ့တိုင်အောင် နိုင်ငံရေးခေါင်းဆောင်များ၊ လက်နက်ကိုင်များရဲ့ တင်းမာတဲ့သဘောထားတွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးတဲ့ အခြေအနေကို ရောက်စေခဲ့ပါတယ်။ မတူညီတဲ့ အမြင်တွေကို သဘောထားကြီးမှု၊ အပြန်အလှန်နားလည်မှုတွေ မတည်ဆောက်နိုင်တဲ့အခါ အားမဖြစ်စေတော့ဘဲ ဘေးဖြစ်နေတာ ဒီကနေ့ ပြည်သူအားလုံးအသိပဲ ဖြစ်ပါတယ်။ မျှတခြင်းဆိုတာရှိမှ ညီညွတ်ခြင်းနဲ့ ယုံကြည်မှုဆိုတာ တည်ဆောက်လို့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများ အခြေပြုရာ ပြည်နယ်များနဲ့ တိုင်းဒေသကြီးများအားလုံးမှာ အခွင့်အရေး တန်းတူဖြစ်စေဖို့ တာဝန်သိတတ်မှု၊ တာဝန်ယူတတ်မှုတွေ တူနေကြဖို့လိုပါတယ်။ လူမျိုးရေးစိတ်ဓာတ်ပြင်းထန်မှုဆီကနေတစ်ဆင့် နိုင်ငံသားစိတ်ဓာတ်ကို မွေးမြူပျိုးထောင်ကြရမှာဖြစ်ပါတယ်။

နိုင်ငံရေးပါတီအားလုံးနဲ့ တိုင်းရင်းသားခေါင်းဆောင်များပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကနေတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ သဘောတူညီမှုများနဲ့အတူ ညီညွတ်မျှတသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးဟာ ကျွန်တော်တို့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"ရဲ့ အရေးကြီးတဲ့ ပန်းတိုင်တစ်ခုဖြစ်ပါတယ်။

PPMFW ပါတီရဲ့ နိုင်ငံခြားရေးဝါဒများအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသော လွတ်လပ်၍တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေး မူဝါဒဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများနဲ့ ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး အခြားနိုင်ငံများရဲ့ အချုပ်အခြာအာဏာကို လေးစားခြင်းနဲ့အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြမှာဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာ မူဝါဒအနေနဲ့-**

- စက်မှုလယ်ယာစနစ်ကို အခြေခိုင်မာစေပြီး စက်မှုနိုင်ငံတော်အဖြစ်သို့ တက်လှမ်းတည်ဆောက်သွားမှာဖြစ်တယ်။
- အစိုးရရဲ့ စီးပွားရေးချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်သွားရပါမယ်။
- လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံမှာဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားပါမယ်။ တစ်ချိန်တည်းမှာပဲ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းကိုလည်း အကာအကွယ်ပေးတဲ့ မူဝါဒများ ရေးဆွဲဆောင်ရွက်ရပါမယ်။
- နိုင်ငံ့သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင်လည်း အနာဂတ်နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက်ပါ ရေရှည်မြော်မြင်ပြီး သယံဇာတဆိုင်ရာမူဝါဒများရေးဆွဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်မထိခိုက်စေရန်အတွက်လည်း အလွန်အရေးကြီးပါတယ်။ ပြည်သူ့သယံဇာတဆိုင်ရာဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။
- နိုင်ငံရဲ့ ဒီကနေ့စီးပွားရေးအခြေအနေကိုသုံးသပ်ကြည့်ရင် လယ်ယာထုတ်ကုန်မှတစ်ပါး အခြားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအနေနဲ့ အလွန်ပဲ အားနည်းနေသေးတာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဟာ သယံဇာတထုတ်ယူသုံးစွဲခြင်းအပေါ်မှာပဲ အလွန်အကျွံမှီခိုနေတာဖြစ်တာကြောင့် နိုင်ငံရဲ့အနာဂတ်အတွက် များစွာစိတ်ပူစရာရှိနေပါတယ်။ သယံဇာတဆိုတာ အမြဲမရနိုင်ပါဘူး။ ပဒေသာပင် မဟုတ်ပါဘူး။ ကမ္ဘာမှာကြည့်ရင် သယံဇာတကိုအမှီပြုပြီး အာဏာရှင်စနစ်တွေ သက်ဆိုးရှည်ခဲ့ကြတာ အထင်အရှားရှိပါတယ်။ ဒါကို သယံဇာတကျိန်စာသင့်တယ်လို့ ပညာရှင်တွေက သုံးသပ်ကြပါတယ်။

နိုင်ငံကို မှန်ကန်တဲ့စီးပွားရေးလမ်းကြောင်းပေါ်မှာ ရပ်တည်ဖို့ဆိုရင် SME, SMI အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်တွေကို လိုအပ်တဲ့အထောက်အပံ့တွေပေးနိုင်ဖို့နဲ့ ဥပဒေဆိုင်ရာ အကာအကွယ်ပေးနိုင်ဖို့ ပုဂ္ဂလိကစီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ မြှင့်တင်နိုင်ဖို့လိုအပ်ပါတယ်။ ဘဏ်လုပ်ငန်းများနဲ့ ငွေကြေးဆိုင်ရာ တည်ငြိမ်မှုရရှိအောင်၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ထိန်းကျောင်းပေးရမှာဟာ အစိုးရများရဲ့တာဝန်ပဲဖြစ်ပါတယ်။ ကုန်သွယ်ဖက်နိုင်ငံများရဲ့ ဈေးကွက်ချုပ်ကိုင်မှု မခံရစေရန် ပြည်တွင်းထုတ်ကုန်များ နည်းပညာနဲ့အရည်အသွေးမြင့်မားရေး ပြည်ပဈေးကွက်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**PPMFW ပါတီရဲ့ ပညာရေးဆိုင်ရာမူဝါဒများ**အနေနဲ့ လက်ရှိအလွတ်ကျက်မှတ်ဖြေဆိုခြင်းစနစ်ကို ပပျောက်စေပြီး အမှန်တကယ်နားလည်တတ်မြောက်စေရေး ကိုယ်ပိုင်တွေးခေါ်ကြံဆနိုင်သည့် လွတ်လပ်မြင့်မားတဲ့ပညာရေးမျိုးဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အခြေခံပညာမူလတန်းကို မသင်မနေရပညာရေး၊ အထက်တန်းအဆင့်အထိကို အခမဲ့ပညာရေးမူဝါဒများ ချမှတ်သွားရမှာဖြစ်ပါတယ်။

အဆင့်မြင့်ပညာရေးနယ်ပယ်မှာလည်း အကန့်အသတ်မူဘောင်များ ဖြေလျှော့ပြီး လွတ်လပ်စွာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တိုင်းရင်းသားကလေးငယ်များအတွက် အလယ်တန်းအဆင့်ထိ မိခင်ဘာသာစကားဖြင့်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဆရာ ဆရာမများနဲ့ ကျောင်းသားအဖွဲ့အစည်းများ လွတ်လပ်စွာပေါ်ပေါက်စေပါမယ်။ ပညာရေးစီမံကိန်းများရေးဆွဲပြီး ပညာရေးအသုံးစရိတ် တိုးမြှင့်ရေး၊ သင်ထောက်ကူပစ္စည်းများပြည့်စုံရေး၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ပညာသင်ထောက်ပံ့ကြေးနဲ့ နိုင်ငံတကာသို့ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပညာရှင်များကို ပြည်တွင်းမှာပဲ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရမှာဖြစ်ပါတယ်။ ဒါမှသာ ပြည်ပရောက်နိုင်ငံသား ခေတ်ပညာတတ်များအား ပြန်လည်ဖိတ်ခေါ်၍ နိုင်ငံတော်တည်ဆောက်ရေးမှာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးစေမှာဖြစ်ပါတယ်။

**အမျိုးသားကျန်းမာရေးစီမံချက်များရေးဆွဲ၍** ကျန်းမာရေးအသုံးစရိတ်လုံလောက်စွာမြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများ အခမဲ့ဆေးကုသနိုင်ခွင့်ရှိစေရပါမယ်။ သွားလာရေးခက်ခဲတဲ့ဒေသများပါမကျန် နယ်လှည့်ဆေးကုသရေးအစီအစဉ်များ ဆောင်ရွက်သွားပါမယ်။ ဆေးဘက်ဆိုင်ရာပညာရှင်များ ပိုမိုမွေးထုတ်၍ အရည်အသွေးနဲ့ စိတ်စေတနာမြင့်မားရေးကို လေ့ကျင့်ပျိုးထောင်သွားရန်လိုအပ်ပါတယ်။ ပြည်သူ့ကျန်းမာရေးနယ်ပယ်မှာ ကုသရေးအပြင် ရောဂါကြိုတင်ကာကွယ်တားဆီးရေး အစီအမံများလည်း အလွန်အရေးကြီးပါတယ်။



**တိုင်းရင်းသားလူမျိုးစုများ**အားလုံးရဲ့ ကိုယ်ပိုင်အခွင့်အရေးမှန်သမျှကို အာမခံပေးနိုင်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများ အခြေပြုရာပြည်နယ်များအားလုံးမှာ လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ စီးပွားရေးဇုန်၊ စက်မှုဇုန်စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမှာဖြစ်သလို ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အထောက်အပံ့များ ဖွံ့ဖြိုးတိုးတက်စေရပါမယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ စာပေအနုပညာများကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

**တောင်သူလယ်သမားများနဲ့ အလုပ်သမားများ**၊ အခြေခံလက်လုပ်လက်စား ပြည်သူများ ချမ်းသာမှ တိုင်းပြည်ချမ်းသာမှာဖြစ်တဲ့အတွက် အဆိုပါအခြေခံ လူ့အဖွဲ့အစည်းများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် အစီအမံများချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများနဲ့ အလုပ်သမားများရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းပေးရမှာဖြစ်တယ်။ လယ်သမားများရဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို အာမခံပေးရမှာဖြစ်ပြီး လက်ရှိမြေယာလက်ဝါးကြီးအုပ်မှု အခြေအနေကိုပပျောက်စေ၍ လယ်လုပ်သူတိုင်း လယ်ယာမြေ ပိုင်ဆိုင်ခွင့်ရရှိစေမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ လယ်ယာမြေ အငြင်းပွားမှုများကိုလည်း အမြန်ဆုံးမှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးပါ့မယ်။

**အလုပ်သမားများ**အတွက် နိုင်ငံရဲ့ အနိမ့်ဆုံးလုပ်ခနှုန်းထားသတ်မှတ်ချက်ဟာ အာဆီယံနိုင်ငံများနဲ့ တန်းတူဖြစ်စေဖို့ အစိုးရပိုင်းကနေ ပံ့ပိုးမှုများ ဥပဒေနဲ့အညီ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကိုလည်း နိုင်ငံတကာအလုပ်သမားဥပဒေများနဲ့အညီ အခွင့်အရေးနဲ့အကာအကွယ်များ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အရေးကြီးလှတဲ့ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသော **တပ်မတော်သားများ**နဲ့ မိသားစုဝင်များရဲ့ လူမှုဘဝပြည့်စုံရေး ပညာရေး၊ ကျန်းမာရေး အထောက်အပံ့ကောင်းများ အနာဂတ်အတွက် အစီအမံများချမှတ်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကို ပြည်သူချစ်သောနိုင်ငံနဲ့ ပြည်သူအတွက်သစ္စာရှိတဲ့ ပြည်သူ့သားကောင်းတပ်မတော်အဖြစ် ယုံကြည်ပါတယ်။ တိုင်းရင်းသားပြည်သူများနဲ့ တပ်မတော်သားများအားလုံး တစ်သွေးတည်းတစ်သားတည်းဖြစ်ဖို့ဆိုတာဟာ နိုင်ငံတိုင်းရဲ့ အသက်ဝိညာဉ်ပဲဖြစ်ပါတယ်။

**ဝန်ထမ်းများ**အနေနဲ့လည်း အစိုးရဝန်ထမ်းဆိုတာထက် ပြည်သူ့ဝန်ထမ်းအဖြစ် ခံယူသွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများဟာ **လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်**ရှိပါတယ်။ သို့သော် ဘာသာရေးအစွန်းရောက်ဝါဒများစွဲကိုင်ပြီး တစ်ဖက်နဲ့ တစ်ဖက် စော်ကားတိုက်ခိုက်ခြင်းမျိုးမဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။ အမျိုးဘာသာ သာသနာ ဝံသာနုရက္ခိတ တရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဆိုတာ နိုင်ငံသားအားလုံးရဲ့ သမိုင်းပေးတာဝန်ကြီးပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် စစ်မှန်တဲ့ ဒီမိုကရေစီအနှစ်သာရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျွန်တော်တို့ ပြည်သူတွေ လက်တွေ့ကျကျ ပိုင်ဆိုင်နိုင်ဖို့ဆိုတာမှာ အဖြေကတော့ နိုင်ငံသားအားလုံး မိမိနိုင်ငံရဲ့ နိုင်ငံ့အရေးအရာတွေမှာ အခုထက်ပိုပြီး လေးလေးနက်နက် ပါဝင်ဆောင်ရွက်ကြဖို့ တာဝန်ယူတတ်လာဖို့ ဖြစ်ပါတယ်။

ဒါကြောင့် အခုကျင်းပမယ့် ၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးမှာ စစ်မှန်တဲ့ ပြည်သူ့ကိုယ်စားပြုပါတီ စိတ်ဓာတ်နဲ့ ဉာဏ်ပညာမြင့်မားတဲ့လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို မှန်မှန်ကန်ကန် ရွေးချယ်ပေးဖို့ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ အနာဂတ်ကို ပုံဖော်ပေးမယ့် အခွင့်အရေးကြီးပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူကို အလုပ်အကျွေးပြုမယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့အတူ ပေါက်ဖွားလာတဲ့ ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ" PPMFW ရဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ထောက်ခံအားပေးကြပါလို့ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

**ကျွန်တော်တို့ပါတီရဲ့ဆောင်ပုဒ်ကတော့-**
**"လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့**
**မတရားမှုတွေ ကာကွယ်ဖို့**
**နစ်နာမှုတွေ ကူညီဖို့**
**ပြည်သူ့အနာဂတ်တွေ သာယာပြည့်စုံဖို့**
**မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီကို ထောက်ခံစို့"**ပဲ ဖြစ်ပါတယ်။

မိဘပြည်သူများကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပြီး အနာဂတ်ဘဝများ ငြိမ်းချမ်းပြည့်စုံပါစေကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီမှ ဆန္ဒပြုအပ်ပါတယ်ခင်ဗျား။

# မြို့အမျိုးသားဒီမိုကရေစီပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မြို့အမျိုးသားဒီမိုကရေစီပါတီ ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၅) လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်စံမညို့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို အောက်တိုဘာ ၁ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့အားလုံး လက်ရှိပိုင်ဆိုင်ထားကြတဲ့ ဘဝအတိုင်းအတာလေးတစ်ခုမှာ မင်္ဂလာရှိတဲ့နေ့ရက်များ၊ မင်္ဂလာရှိတဲ့အချိန်အခါသမယများ၊ နေ့စဉ်ရက်ဆက်ကြုံတွေ့ခံစားကြပြီး တစ်ဦးချင်းစီတိုင်း ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းများစွာနှင့် ပြည့်စုံကြပါစေလို့ "မြို့အမျိုးသားဒီမိုကရေစီပါတီ" ရဲ့ကိုယ်စား လက်ဆယ်ဖြာထိပ်မှာမိုးပြီး ရှိခိုးကန်တော့စွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း "ဒေါ်စံမညို" ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ပါတီအနေနဲ့ ယခုရွေးကောက်ပွဲ၌ ကျောက်တော်မြို့နယ် မြောက်ဦးမြို့နယ်ဒေသတွေမှာ လွှတ်တော်(၃)ရပ်စလုံး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာဖြစ်ပါတယ်ရှင့်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့လူမျိုးတွေဟာ ရခိုင်ရာဇဝင်အဆိုအရ ဘီစီ ၃၃၂၅ ပထမ ဓညဝတီမြို့တည် "မာရာယုမင်း" မတိုင်မီကစ၍ ယနေ့အချိန်ထိ သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက် "ကျော့ချင်းကပ်၊ ရင်းချင်းဆက်"ပြီး အတူတကွ ဘဝရှင်သန်လာကြသော "ရခိုင်တိုင်းရင်းသားမိဘပြည်သူများ"တို့နှင့် ကောင်းအတူဆိုးအတူ၊ အေးအတူပူအမျှ၊ သုခ၊ ဒုက္ခ၊ ခံစားချက်ပေါင်းစုံဖြင့် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ရပ်တည်နေလာကြတဲ့ မြို့လူမျိုးများဖြစ်ကြပါတယ်။

**လေးစားအပ်ပါသောကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ယခုအချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းအရဖြစ်ပေါ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်မှာ ကျွန်မတို့ မြို့လူမျိုးတွေအနေနဲ့ နိုင်ငံရေးအားဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖြစ်ထွန်းရေး၊ ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဘဝ ထူထောင်ရေး၊ တိုင်းရင်းသားလူမျိုးစုပဋိပက္ခအရေး၊ ငြိမ်းချမ်းရေးစတဲ့ နိုင်ငံတော်အရေး၊ ပြည်နယ်ဒေသအရေးတို့ကို ဆောင်ရွက်ကြရာတွင် "မတူကွဲပြားမှု သဘောထားအမြင်လေးတွေကို ဘေးဖယ်ထားပြီး တူညီတဲ့ သဘောထားအမြင်များ"နှင့် ပွင့်လင်းမြင်သာသော အမျိုးသားရေးမူဝါဒများ လက်ကိုင်ပြုကာ နိုင်ငံအကျိုး၊ ဒေသအကျိုး၊ အမျိုးသားအကျိုးများကို "အုတ်တစ်ချပ်သဲတစ်ပွင့်"ပမာ အခြားတိုင်းရင်းသားညီအစ်ကိုများနှင့် အတူလက်တွဲပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဟူ၍ ခိုင်မာသောသန္နိဋ္ဌာန်များနှင့် လူမျိုးစုကိုယ်စားပြု "မြို့အမျိုးသားဒီမိုကရေစီပါတီ" ကို ထူထောင်ခြင်းဖြစ်ပါတယ်ရှင့်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့ မြို့အမျိုးသားဒီမိုကရေစီပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြသွားပါမယ်။ ပါတီရဲ့မူဝါဒသဘောထားကတော့-

(၁) ကျွန်မတို့နှင့် ဆန္ဒသဘောထား ထပ်တူထပ်မျှရှိကြသော အခြားနိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိတ်သဟာယဖွဲ့ပြီး နိုင်ငံအကျိုး၊ ပြည်နယ်ဒေသအကျိုး၊ အမျိုးသားအကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ တိုင်းရင်းသားလူမျိုးအများစု၊ လူနည်းစုတို့အကြား တန်းတူရည်တူရှိပြီး ပွင့်လင်းမြင်သာသော အမျိုးသားရေးမူဝါဒများဖြင့် အပြန်အလှန်စောင့်ထိန်းစေ့စပ်ညှိနှိုင်းမှုမှ စစ်မှန်သောဒီမိုကရေစီ၊ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုဖြစ်ထွန်းရေးကို ကြိုးပမ်းသွားမည်။

(၃) ပြည်သူများသည် ကျေးဇူးရှင် "မိခင် ဖခင်"ဖြစ်ကြ၍ မိဘပြည်သူများအပေါ် ကျေးဇူးဆပ်နိုင်ရန် အစဉ်အမြဲအလေးထားပြီး ကြိုးပမ်းသွားမည်။

(၄) ပြည်နယ်ဒေသ၌ ကောင်းအတူ၊ ဆိုးအတူ၊ အေးတူ၊ ပူအမျှ ကောင်းတူဆိုးဖက် သုခ၊ ဒုက္ခပေါင်းစုံတို့ကို မျှဝေခံစားကြသော ကျော့ချင်းကပ်၊ ရင်းချင်းဆက် တိုင်းရင်းသားညီအစ်ကိုများနှင့် အစဉ်အမြဲလက်တွဲပြီး ကျေးဇူးရှင်မိဘပြည်သူများတို့ရဲ့ "ဘဝလုံခြုံအေးချမ်းမှု"ကို ကာကွယ်စောင့်ရှောက်သွားမည်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

မြို့အမျိုးသားဒီမိုကရေစီပါတီရဲ့ လုပ်ငန်းစဉ်များအနေနဲ့ကတော့ -

(၁) မည်သည့်လုပ်ငန်းမဆို အများဆန္ဒနှင့်အညီ ကောင်းမွန်သော နည်းလမ်းကောင်းများကို ရွေးချယ်ပြီး ဘုံရပ်တည်ချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားပါမည်။



(၂) အမျိုးသားရေးအကျိုးကို ရှေးရှုပြီး အပြုသဘောဖြင့် ဝေဖန်ပြောဆိုခြင်း၊ အကြံပြုခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများကို အစဉ်အမြဲလက်ခံကြိုဆိုသွားပါမည်။

(၃) အမျိုးသားနိုင်ငံရေးတွင် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာပါဝင်လှုပ်ရှားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းမဲ့လူငယ်များ၏ ဘဝဒုက္ခကို နည်းလမ်းများ တီထွင်ကြံဆပြီး လူငယ်များဘဝမြှင့်တင်နိုင်ရေး ကြိုးပမ်းသွားပါမည်။

(၄) အခြေခံလူတန်းစားများဖြစ်ကြတဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ လူမှုဘဝအခက်အခဲ၊ အကျပ်အတည်း ဒုက္ခများကို ကြိုးပမ်းဖြေရှင်းသွားပါမည်။

(၅) အမျိုးသမီးများအခွင့်အလမ်း၊ အခွင့်အရေးများဆုံးရှုံးနစ်နာမှုမှ ကာကွယ်စောင့်ရှောက်သွားပါမည်။

(၆) မိဘမဲ့၊ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေး၊ ကျေးလက်ဒေသ၌ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ရရှိနိုင်ရေး ကြိုးပမ်းသွားပါမည်။

(၇) မြို့အမျိုးသားတို့ရဲ့ ရာဇဝင်/နောက်ခံသမိုင်းကြောင်းများကို ဖော်ထုတ်ပြီး ယဉ်ကျေးမှုဓလေ့ထုံးစံများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့ရဲ့ မြို့အမျိုးသား ဒီမိုကရေစီပါတီအနေဖြင့် မိဘပြည်သူများ လိုလားတောင့်တကြတဲ့ ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဘဝဖြစ်ထွန်းရေး၊ စစ်မှန်သော ဒီမိုကရေစီစနစ်၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ငြိမ်းချမ်းရေးများရရှိအောင် ဆောင်ရွက်နိုင်မှသာလျှင် ကျေးဇူးရှင်မိဘပြည်သူများကို ကျေးဇူးဆပ်ရာရောက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါ၍ မိဘပြည်သူများကို ကျေးဇူးဆပ်ကြဖို့ "မြို့အမျိုးသားဒီမိုကရေစီပါတီ"ရဲ့ အမှတ်တံဆိပ်သင်္ကေတ "မောင်း" ပုံကို မဲပေးကြပါစို့လို့ မေတ္တာရပ်ခံအပ်ပါတယ်။ မိဘပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလျက်ပါ။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

## တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်သို့ အမေရိကန်နိုင်ငံအစိုးရ ကိုယ်စားပြု စောင့်ကြည့်လေ့လာသူ လာရောက်မိတ်ဆက်ဆွေးနွေး

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ရုံးခန်းတွင် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံအစိုးရ ကိုယ်စားပြု စောင့်ကြည့်လေ့လာသူ စစ်သံမှူး ဒုတိယဗိုလ်မှူးကြီး ဇက်ဟွန်း(န်) လာရောက်မိတ်ဆက် တွေ့ဆုံသည်။

စစ်သံမှူး ဒုတိယဗိုလ်မှူးကြီး ဇက်ဟွန်း(န်)က ပဲခူးတိုင်းဒေသကြီးအတွင်း မဲရုံများအခြေအနေ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မီဒီယာများအခြေအနေ၊ ကြိုတင်မဲဆိုင်ရာ ကိစ္စများ၊ အရန်ရဲတပ်ဖွဲ့များ အခြေအနေ၊ မဲရေတွက်ပြီး မဲလက်မှတ်များ ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ဆောင်ရွက်ထားရှိမှု၊ ကြိုတင်မဲကိစ္စများနှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် အားနည်းချက်၊ အားသာချက်များကို နည်းဥပဒေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပ

**အိမ်မဲ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကိုစက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ အောင်သိပ္ပံ ပရဟိတကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မြင့်က အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်း ကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းနိုင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားမှုကို တင်ပြခဲ့သည်။

အခမ်းအနားကို ခရိုင်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၅၂၂ ဦး တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မဲဆန္ဒရှင်တိုင်း မဲပေးသင့်**

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
ကြေးမုံ Mirror

# ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ

လာရောက်ဟောပြောခြင်းမပြုရ၍ ဖော်ပြနိုင်ခြင်း မရှိပါ။



## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနား ကျင်းပ

**လားရှိုး အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးနှစ်ဆန်းဦးက အထွေထွေရွေးကောက်ပွဲဆိုင်ရာ ကော်မရှင် အဆင့်ဆင့်ဖွဲ့စည်းမှုများ၊ မဲဆန္ဒရှင်စာရင်းဖွဲ့စည်းမှုများ၊ မဲရုံဖွဲ့စည်းမှုများကိုရှင်းလင်း တင်ပြပြီး ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်မြတ်မိုးက ရွေးကောက်ပွဲနှင့် ပတ်သက်၍ လုံခြုံရေးဆောင်ရွက်ထားသည့် အခြေအနေနှင့်ဆက်လက်ဆောင်ရွက်မည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အထူးရဲများရွေးချယ်ခန့်ထားပြီး သင်တန်းပို့ချသင်ကြားပေး မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများက မဲပေးပုံအဆင့်ဆင့်နှင့် မဲရုံဖွဲ့စည်းထားရှိပုံတို့ကို သရုပ်ပြရှင်းလင်းပြသ ခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

### မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

#### ရွေးကောက်ပွဲနေ့မှာ မှတ်ပုံတင် မဖြစ်မနေယူဆောင်သွားပါ။

- မဲရုံမပိတ်မီ တတ်နိုင်သမျှ စောစောသွားပါ။
- မဲပေးပုံ အဆင့်ဆင့်တိုင်း လုပ်ဆောင်ပါ။
- ဆန္ဒပြုရာတွင် အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကို ထင်ရှားစွာ ရိုက်နှိပ်ပါ။
- လွှတ်တော်သုံးရပ်အတွက် မဲသုံးမဲပေးရမည်ကို သတိပြုပါ။
- တတ်နိုင်ပါက မဲရေတွက်ရာတွင် ပါဝင်စောင့်ကြည့်နိုင်ပါသည်။

#### ဒါတွေမလုပ်ပါနဲ့

- မဲရုံကို ဘာပစ္စည်းမှ မယူရပါ။
- မဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်မသွားရပါ။
- ပယ်မဲဖြစ်စေမယ့်အချက်များကို မပြုလုပ်ရပါ။
- အခြားမဲပေးသူများကို အနှောင့်အယှက်မပြုရပါ။
- မဲရုံတစ်ရုံထက်ပိုပြီး မဲမပေးရပါ။



#### ဘာကြောင့် မဲပေးသင့်တာလဲ

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖြစ်စဉ်မှာ မဖြစ်မနေဖြတ်သန်းရတဲ့ အရာတစ်ခုပါ။ ဒီမိုကရေစီဆိုတာ ပြည်သူအုပ်ချုပ်ခြင်း၊ ပြည်သူ့အစိုးရပါပဲ။ ဒီတော့ ရွေးကောက်ပွဲတွေဟာ ပြည်သူ့အတွက်၊ ပြည်သူ့ကိုယ်စား စီမံအုပ်ချုပ်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရတဲ့ပွဲတစ်ခုပါ။ ပြည်သူလူထုဟာရွေးကောက်ပွဲတွေမှာ ပါဝင်မဲပေးရွေးချယ်ကြမှသာ ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုပြီး ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်စစ်စစ်တွေပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ ယုံကြည်ချက်တူတဲ့ နိုင်ငံသားပေါင်းများစွာနဲ့ ဆန္ဒမဲပေါင်းများစွာကို ပေါင်းစည်းလိုက်ရင်တော့ အရာရာကို ပြောင်းလဲပစ်နိုင်တဲ့ အင်အားကြီး တစ်ရပ်ဖြစ်သွားမှာ အမှန်ပါပဲ။ ။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။